ကြေးမုံ
၁၉၅၇ ခုနှစ် ၁၆ ရက်တွင် စတင်တည်ထောင်သည်။
The Mirror Daily
Established in 1957

**ကောင်းမှုပွားများခြင်းက**
**နှစ်တန်သောဘဝ ချမ်းသာစေတတ်**

ကောင်းမှုကိုအကယ်၍ တစ်ကြိမ်တစ်ခါပြုမိလျှင် ထိုကောင်းမှုကို ထပ်ကာထပ်ကာ ပြုရာ၏၊ ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကိုလည်း ဖြစ်စေရာ၏၊ (အကြောင်းမူကား) ကောင်းမှုပွားများခြင်းသည် ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ ချမ်းသာခြင်းကို ဖြစ်စေတတ်၏။

ပါဠိပဝဂ်(ဓမ္မပဒ-၁၁၈)

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 7 May 2025 ၁၁၈၁၀

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မေ ၆ ရက်မှ ၁၁ ရက်အထိကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအဖြစ် ထပ်မံတိုးမြှင့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**
**ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်**
**(မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်)**
**၂၀၂၅ ခုနှစ် ၊ မေ ၆ ရက်**

၁။ မတ် ၂၈ ရက်နေ့တွင်ဖြစ်ပေါ်ခဲ့သည့် အင်အားပြင်းမန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သဖြင့် ငလျင်ဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပြီး တပ်မတော်အနေဖြင့် ၂၀၂၅ ခုနှစ်၊ ဧပြီ ၂ ရက်မှ ၃၀ ရက်အထိကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအဖြစ်ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

၂။ လက်ရှိကာလတွင်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများ၌ ထိခိုက်ပျက်စီးခဲ့ရသည့် အစိုးရရုံးဌာနများ၊ ပြည်သူများ၏ အိုးအိမ်နှင့် လမ်းပန်းဆက်သွယ်မှုလုပ်ငန်းများ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာမှလည်း ကူညီမှုများကိုဆောင်ရွက်ပေးလျက်ရှိသည်။

၃။ သို့ဖြစ်ပါ၍ နိုင်ငံတော်အနေဖြင့် ငလျင်ဒဏ်သင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်နိုင်စေရန်၊ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ အကျိုးစီးပွားကို ပိုမိုလျင်မြန်စွာဖော်ဆောင်နိုင်ရန်၊ ရေရှည်တည်တံ့ပြီးစစ်မှန်သည့်ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်စေရန်နှင့် တည်ငြိမ်အေးချမ်းမှုကိုရှေးရှုလျက် တပ်မတော်အနေဖြင့် ၂၀၂၅ ခုနှစ်၊ မေ ၆ ရက်မှ ၃၁ ရက်အထိကာလကိုယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအဖြစ် ထပ်မံတိုးမြှင့်ထုတ်ပြန်လိုက်သည်။

၄။ ယာယီပစ်ခတ်တိုက်ခိုက်မှု ထုတ်ပြန်ကြေညာထားသည့် ကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အခြားလက်နက်ကိုင်အဖွဲ့များအနေဖြင့် အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများအား နှောင့်ယှက်တိုက်ခိုက်ခြင်းနှင့် ထိခိုက်ပျက်စီးစေခြင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်ပျက်စီးစေခြင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန် ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တပ်စခန်းများအား တိုက်ခိုက်ခြင်း၊ တပ်ဌာနချုပ်များကို နှောင့်ယှက်တိုက်ခိုက်ခြင်းများ၊ ငြိမ်းချမ်းရေးကို ထိခိုက်ပျက်စီးစေမည့် အင်အားစုဆောင်းခြင်း၊ ပြင်ဆင်စုဖွဲ့ခြင်း၊ နယ်မြေချဲ့ထွင်ခြင်းများကို မပြုရန်နှင့် ထိုကဲ့သို့ ဆောင်ရွက်လာပါက တပ်မတော်အနေဖြင့် ပြည်သူလူထုကို ကာကွယ်သောအားဖြင့် လိုအပ်သည့်အရေးယူတုံ့ပြန်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**

**ယနေ့ ဖတ်စရာ**

**ဘရာဇီးလ်နိုင်ငံမှ လှုဒါန်းသော ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ အာဟာရပြည့် အစားအစာခြောက်များ၊ ရေသန့်စက်များ လွှဲပြောင်းလက်ခံ** စာမျက်နှာ » ၃

**အမြဲအမှတ်ရနေရမယ့် ဒုတိယကမ္ဘာစစ်ကပေးသော သင်ခန်းစာများ** ဆောင်းပါး စာမျက်နှာ » ၆

**၂၀၂၅ ဩစတြေးလျရွေးကောက်ပွဲ သုံးသပ်ချက်** ဆောင်းပါး စာမျက်နှာ » ၁၀

**၂၀၂၅ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ** စာမျက်နှာ » ၁၂

## ပွင့်ဖြူမြို့နယ်၌ မဲဇလီရေလွှဲဆည်ရေဖြင့် နွေစပါး ၁၂၁၄၂ ဧကအထိ စိုက်ပျိုးပြီးစီး

ပွင့်ဖြူ မေ ၆

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မဲဇလီရေလွှဲဆည်ရေဖြင့် နွေစပါး ၁၂၁၄၂ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ○



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မဲဇလီရေလွှဲဆည်ရေဖြင့် နွေစပါးစိုက်ပျိုးနေမှုကို တွေ့ရစဉ်။

# ကြေးမုံ

## အကြမ်းဖက်အဖျက်သမားချုပ်ငြိမ်းရေး ပြည်သူများ တစ်တပ်တစ်အားပါဝင်ကူညီ

မြန်မာနိုင်ငံတွင် အကြမ်းဖက်သောင်းကျန်းသူများသည် လွတ်လပ်ရေးနှင့် အတူပေါ်ပေါက်လာခဲ့ပြီး ယနေ့ထက်တိုင် အမြစ်မပြတ်နိုင်သေးဘဲ အကြမ်းဖက် အဖျက်လုပ်ရပ်များကို လုပ်ကိုင်လျက်ရှိသည်။ အကြမ်းဖက်သောင်းကျန်းသူများ သည် ဒေသတွင်း လမ်းပန်းဆက်သွယ်ရေး၊ ကုန်စည်စီးဆင်းမှုရပ်တန့်စေရေးနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်သူများ စိတ်ချမ်းသာစွာ ခရီးသွားလာနေမှုများကိုမလိုလားဘဲ လမ်းများ၊ တံတားများအား မိုင်းထောင်ဖောက်ခွဲခြင်းနှင့် အကြမ်းဖက်လုပ်ရပ် အမျိုးမျိုးတို့ကို ပုံစံအမျိုးမျိုးဖြင့် လုပ်ကိုင်လျက်ရှိသည်။

KNLA သောင်းကျန်းသူအဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် အများပြည်သူသွားလာနေသည့် ရန်ကုန်-မော်လမြိုင်လမ်းပိုင်းပေါ်ရှိ သံကူကွန်ကရစ် တံတားအား ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၂၉ ရက်နေ့တွင် တစ်ကြိမ်၊ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် တစ်ကြိမ် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ပြီး ၂၀၂၅ ခုနှစ် မေလ ၄ ရက်နေ့တွင် တတိယအကြိမ် ထပ်မံမိုင်းထောင်ဖျက်ဆီးခဲ့ပြန်သည်။ ထိုသို့ မိုင်းထောင်ဖျက်ဆီးမှုကြောင့် အများပြည်သူခရီးသွားယာဉ်များ၊ ဆေးရုံကား များ၊ ကျောင်းကားများ၊ ဈေးကားများ သွားလာနိုင်ခြင်းမရှိဘဲ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်သွားခဲ့သည်။ ပျက်စီးသွားသောတံတားကို သက်ဆိုင်ရာတာဝန်ရှိသူများ က အမြန်ဆုံး ပြန်လည်ပြုပြင်တည်ဆောက်ပေးသဖြင့် ပြည်သူများ ပြန်လည် ဖြတ်သန်းသွားလာနိုင်ကြသည်။

နိုင်ငံတော်က အများပြည်သူအသုံးပြုနိုင်ရန် တည်ဆောက်ပေးထားသော အခြေခံအဆောက်အအုံများကို သောင်းကျန်းသူများနှင့် အကြမ်းဖက်အဖျက်သမား များက ဖျက်ဆီးခဲ့သည်မှာ လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ ယနေ့ထက်တိုင်အောင် ပြုလုပ်နေကြဆဲဖြစ်သည်။ ပြည်သူများ တည်ငြိမ်အေးချမ်းစွာ နေထိုင်လုပ်ကိုင် နိုင်ရေး၊ စိတ်ချမ်းမြေ့စွာသွားလာနိုင်ရေးတို့ကို မနာလိုမရှုဆိတ်စွာ ဖျက်ဆီးနေကြ သည်မှာ အကြမ်းဖက်အဖျက်လုပ်ရပ်သက်သက်ဖြစ်နေသည်ကို ပြည်သူများက နားလည်သဘောပေါက်ကာ ရွံရှာမုန်းတီးနေကြပြီဖြစ်သည်။

သောင်းကျန်းသူများနှင့်အဖျက်သမားများသည် ယခင်က နယ်စွန်နယ်ဖျားများ တွင် ခိုအောင်းအခြေချ၍ အဖျက်လုပ်ရပ်များကို လုပ်ကိုင်ကြရာမှ ယခုအခါ ပြည်သူ များကြားသို့ ထိုးဖောက်ဝင်ရောက်ပြီး မြို့ရွာများကို ဖျက်ဆီး၍ အပြစ်မဲ့ပြည်သူများ အား ဒုက္ခမျိုးစုံပေးနေကြသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ PDF အမည်ခံ အကြမ်းဖက် သမားများသည် အပြစ်မဲ့ပြည်သူများအား လက်နက်အားကိုးဖြင့် ဖမ်းဆီးချုပ်နှောင် ခြင်း၊ အကျပ်ကိုင်ခြိမ်းခြောက်၍ ငွေကြေးတောင်းခံခြင်း၊ ဂိတ်ကြေးတောင်းခံခြင်း၊ မြို့ရွာများကို ဖျက်ဆီးခြင်း၊ ပြည်သူများအား ညှဉ်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း စသည့် လူသားချင်းမစာနာသည့် လူမဆန်သော အကြမ်းဖက်လုပ်ရပ်များနှင့် ရာဇဝတ်မှုများကို ကျူးလွန်နေကြသည်။

မေလ ၄ ရက်နေ့က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင်နေထိုင်သော ပြည်သူ တစ်ဦးနှင့် ၎င်း၏ကလေးငယ်တို့ကို လက်နက်ငယ်များ ကိုင်ဆောင်ထားသည့် PDF အမည်ခံ အကြမ်းဖက်သမားများက ပြန်ပေးဆွဲဖမ်းဆီးခေါ်ဆောင်သွားသည့်ဖြစ်စဉ် ပေါ်ပေါက်ခဲ့သည်။ အဆိုပါသတင်းရလျှင်ရချင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည် ကယ်တင်နိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူ အကြမ်းဖက်သမားများအား မုံရွာမြို့တွင်ပင် နေ့ချင်းဖမ်းဆီးရမိခဲ့သည်။ ကျန်အကြမ်းဖက်သမားများနှင့် ၎င်းတို့၏ အကြမ်းဖက်စခန်းကို အလျင်အမြန် တိုက်ခိုက်နှိမ်နင်းပြီး ပြန်ပေးဆွဲခံရသည့် ပြည်သူနှစ်ဦးကို ဘေးကင်းလုံခြုံစွာဖြင့် ပြန်လည်ကယ်တင်နိုင်ခဲ့သည်။

အပြစ်မဲ့ပြည်သူများကို လက်နက်အားကိုးဖြင့် အနိုင်ကျင့်ခြိမ်းခြောက်၊ ပြန်ပေးဆွဲ၊ သတ်ဖြတ် လုယက်နေကြသည့် အကြမ်းဖက်အဖျက်သမားများသည် တော်လှန်ရေးအကြောင်းပြပြီး ပြည်သူများကြားတွင် နေထိုင်ကြီးပြင်းခဲ့သော ပြည်သူများပင်ဖြစ်သည်။ လူမျိုးရေးအရ၊ ဝါဒရေးအရ၊ နိုင်ငံရေးအရ အကြောင်း အမျိုးမျိုးပြ၍ လက်နက်ကိုင်အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်နေကြသော သောင်းကျန်းသူအဖျက်သမားများကို ပြည်သူများက ရွံရှာစက်ဆုပ်ကြသလို ပြည်သူများကြားတွင် ရပ်တည်ကျူးလွန်နိုင်ခြင်းမရှိအောင် ပြည်သူများက တပ်မတော်နှင့်လက်တွဲ၍ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ရှေးရှု၍ နိုင်ငံဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မြို့ရွာများနှင့် အများပြည်သူများအား ပျက်စီးအောင် ဖျက်ဆီးနေသည့် လက်နက်ကိုင်သောင်းကျန်း သူများနှင့် အကြမ်းဖက်အဖျက်သမားများကို လိုအပ်သည့်တုံ့ပြန်မှုများ ပြုလုပ် နိုင်ရေး၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်နှင့် လုံခြုံရေး တပ်ဖွဲ့များက စွန့်လွှတ်စွန့်စား ဆောင်ရွက်လျက်ရှိရာ ပြည်သူများအနေဖြင့် သောင်းကျန်းသူအဖျက်သမားများ အမြစ်ပြတ်ရေးအတွက် တစ်တပ်တစ်အား ပါဝင်ကူညီကြရမည်ဖြစ်ပါကြောင်း။ ။

## ကလေးမြို့၌ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

ကလေး မေ ၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် အခမ်းအနားကို ကလေးခရိုင် မီးသတ်ဦးစီးမှူးရုံးတွင် ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ကလေးခရိုင်မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်စိုးနှင့် ခရိုင်/မြို့နယ် နယ်မြေမီးသတ်တပ်ဖွဲ့ဝင်များသည် ကလေးမြို့ ဇီဝသုခ ဘုန်းတော်ကြီးကျောင်းရှိ သံဃာတော်အရှင်သူမြတ်များအား ဆွမ်းဘောဇဉ်နှင့် လှူဖွယ်ပစ္စည်းများ၊ ဝတ္ထုငွေများကို ဆက်ကပ် လှူဒါန်းကြပြီး ဧည့်ပရိသတ်များအား ကျွေးမွေးဧည့်ခံခြင်းများ ပြုလုပ်ခဲ့သည်။ ဆက်လက်၍ ဒေသကွပ်ကဲရေးမှူးနှင့် ကလေး ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က ကလေးခရိုင်/မြို့နယ်၊ နယ်မြေမီးသတ်တပ်ဖွဲ့ဝင် ၆၂ ဦးအတွက် တစ်ဦးလျှင်ငွေကျပ် ၅၀၀၀၀ ဖြင့် ငွေကျပ် ၃၁ သိန်း၊ အိမ်ထောင်သည် ရဲမေ ၂၅ ဦး အတွက် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ ဖြင့် ငွေကျပ် ၄သိန်းတို့ ကို ပေးအပ်ခဲ့သည်။



အဆိုပါအခမ်းအနားသို့ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ကလေး) မှ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် အောင်ကျော်ဆိုင်၊ ကလေး ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးတင့်နှင့် အဖွဲ့ဝင်များ၊ ကလေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန် လုပ်ကွက်အမှတ်၊ M-5 & M-6 ရှိ ရတနာ စီမံကိန်းတွင် Provision of Side Scan Sonar (SSS) and Associated Studies လုပ်ငန်းများအား MV. HAI DUONG 86 ရေယာဉ်ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Crab2 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၂ မိနစ် ၃၆.၆၀ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၅ မိနစ် ၄၀.၆၉ စက္ကန့်အတွင်းတွင် ၂၀၂၅ ခုနှစ်၊ မေလ ၁၃ ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ မေလ ၃၁ ရက်နေ့ အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက် အမှတ်၊ M-5 & M-6 ရှိရတနာစီမံကိန်းတွင် Provision of Side Scan Sonar (SSS) and Associated Studies လုပ်ငန်းများ အား MV. HAI DUONG 86 ရေယာဉ်ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်း များနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေ ရေးအတွက် ဖော်ပြပါတည်နေရာများမှ ၄ ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေ များ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန် များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချ ရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း နှင့် ငါးဖမ်းကိရိယာများ ချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါ သည်။

**ငါးလုပ်ငန်းဦးစီးဌာန**

## ၆ - ၅ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၆၉၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၆ - ၅ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၈၀၀ | ၆,၈၀၀ | ၇၉၂ | ၅,၃၈၅,၆၀၀ |
| MTSH | ၃,၁၀၀ | ၃,၀၅၀ | ၁,၃၆၂ | ၄,၁၁၀,၆၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၂ | ၁၆,၂၀၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၁၁၅ | ၂၀၇,၀၀၀ |
| TMH | ၂,၉၀၀ | ၂,၉၀၀ | ၀ | ၀ |
| EFR | ၁,၅၀၀ | ၁,၅၀၀ | ၄၁ | ၆၁,၅၀၀ |
| AMATA | ၃,၉၀၀ | ၃,၉၀၀ | ၀ | ၀ |
| MAEX | ၃,၁၀၀ | ၃,၀၅၀ | ၆၀၀ | ၁,၈၃၀,၁၅၀ |
| MADPL(PLB) | ၃,၃၀၀ | ၃,၂၀၀ | ၈၄ | ၂၇၄,၅၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**


ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံး၏ အကြီးအကဲတို့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၆**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး (UNRC/HC a.i.) ဖြစ်သူ Mr. Marcoluigi Corsi နှင့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲဖြစ်သူ Mr. Sajjad Mohammad Sajid တို့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် အင်အားပြင်း မန္တလေးငလျင်ကြီးဖြစ်ပွားခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအကြား အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး၏ အကြီးအကဲတို့အား လက်ခံတွေ့ဆုံစဉ်။

# ဘရာဇီးလ်နိုင်ငံမှ လှူဒါန်းသော ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ အာဟာရပြည့်အစားအစာခြောက်များ၊ ရေသန့်စက်များ လွှဲပြောင်းလက်ခံ

**ရန်ကုန် မေ ၆**

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် မန္တလေးမြေငလျင်ကြီး လှုပ်ခတ်အပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ဘရာဇီးလ်နိုင်ငံမှ လှူဒါန်းသော ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ အာဟာရပြည့်အစားအစာခြောက်များ၊ ရေသန့်စက်များ စုစုပေါင်း ၁၃ ပုံး၊ ၅၈၂၀ ကီလိုဂရမ် တင်ဆောင်လာသည့် Korean Air လေကြောင်းလိုင်းမှ Airbus လေယာဉ်သည် ယမန်နေ့ ည ၇ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

ထိုသို့ရောက်ရှိလာသည့်ပစ္စည်းများကို ဘရာဇီးလ်ဖက်ဒရယ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Gustavo Rocha de Menezes နှင့် တာဝန်ရှိသူများထံမှ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လွှဲပြောင်းလက်ခံရယူပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုစစ်ဆေး၍ ငလျင်ဘေးသင့်ဒေသများသို့ ဆက်လက်ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**ခွဲထက်ကို(ပြန်/ဆက်)**




○ ရှေ့ဖုံးမှ

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၃၂၃၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မတ်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၁၄၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ဆန်စပါးသီးနှံ စိုက်ပျိုးစွမ်းအားတိုးတက်မြင့်မားစေဖို့၊ သီးနှံအထွက်နှုန်းများတိုးတက်စေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့ ရည်ရွယ်ပြီး စပါးစိုက်ဧက ၃၃၂၃၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ စပါး ၁၂၁၄၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာတွေပေးတာ၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးတာ၊ မြေဩဇာနဲ့ စိုက်ပျိုးရေးသွင်းအားစုတွေ စနစ်တကျသုံးစွဲတတ်အောင် ကြီးကြပ်တာတွေ စတဲ့ အသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးတောင်သူများအနေဖြင့် တစ်ဧကအထွက်နှုန်း တိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များရရှိအောင် ဆောင်ရွက်ပေးခြင်း၊ နည်းပညာပေးဆွေးနွေးပွဲများနှင့် သင်တန်းများဆောင်ရွက်ခြင်း၊ လိုအပ်သည့် စိုက်ပျိုးရေးသွင်းအားစုများ အချိန်မီရရှိစေရေး ဆောင်ရွက်ပေးခြင်း စသည့်စိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားရေးလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာ ဆက်စပ်ဌာနများက ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုကိုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် စပါးကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ၎င်းကပြောသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် Grade-12 စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ဝန်ထမ်းသားသမီးများ ထောက်ပံ့ငွေပေးအပ်




နေပြည်တော် မေ ၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် Grade-12 စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် နိုင်ငံ့ဝန်ထမ်းသားသမီးများ အတွက် ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရုံးအမှတ်(၁၅) စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ၂၀၂၄-၂၀၂၅ ပညာသင်နှစ် Grade-12 စာမေးပွဲပြန်လည်ဖြေဆိုကြမည့် မိမိတို့ဝန်ထမ်း သားသမီးများအားလုံး ရာနှုန်းပြည့် ပြန်လည်ဖြေဆိုနိုင်ရေးနှင့် အောင်ချက်မြင့်မားရေးအတွက် မိဘများ နှင့် သက်ဆိုင်ရာဌာနအကြီးအကဲများက စနစ်တကျ စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ အထူးသဖြင့် သဘာဝဘေးကြောင့် ယာယီစောင့်ရှောက်ရေးစခန်း များတွင် နေထိုင်ရခြင်းနှင့် အခြားအခက်အခဲများ ရှိနိုင်မှုအပေါ် စိတ်ဖိစီးမှုမရှိစေဘဲ ကျောင်းသား ကျောင်းသူတစ်ဦးချင်း၏ အောင်မြင်မှုမျှော်မှန်းချက် ပြည့်ဝစေရန် လိုအပ်သော စီမံအုပ်ချုပ်မှုလုပ်ငန်း များ၊ ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း၊ ကာလတိုအတွင်း ပြန်လည်သင်ယူကျက်မှတ် ကြရမည့် မိမိတို့၏ သားသမီးများ ကျန်းမာရွှင်လန်းစွာ ပညာသင်ယူနိုင်ရေးအတွက် အာဟာရပြည့်ဝစွာ ကျွေးမွေးစောင့်ရှောက်ပေးသွားကြရန်နှင့် ဖြေဆိုမည့် ကျောင်းသား ကျောင်းသူအားလုံး အထူးအခွင့်အရေး ရရှိသည်ဟု သဘောထား၍ ပိုမိုကြိုးစားပြီး အဆင့် မြင့်မြင့်အောင်မြင်စေရန် စာမေးပွဲကာလအတွင်း မိဘများက အားသွန်ခွန်စိုက် ပံ့ပိုးသွားကြစေလို ကြောင်း၊ ဝန်ထမ်းငယ်များအနေဖြင့် လိုအပ်ချက်ရှိပါ က သီးခြားတင်ပြ၍ အကူအညီတောင်းခံနိုင်ကြပါ ကြောင်း အားပေးစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် Grade-12 စာမေးပွဲ ပြန်လည် ဖြေဆိုကြမည့် နိုင်ငံ့ဝန်ထမ်းသားသမီး ၄၇၁ ဦး အတွက် ထောက်ပံ့ငွေကျပ် ၂၃၅၅၀၀၀၀ ကို ပေးအပ်ရာ ကျောင်းသားမိဘ ကိုယ်စားလှယ်တစ်ဦးက လက်ခံ ရယူသည်။ အခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ ဦးစီး ဌာနများနှင့် တက္ကသိုလ်များမှ ဌာနတာဝန်ရှိသူများ၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် Grade-12 စာမေးပွဲပြန်လည် ဖြေဆိုကြမည့် ကျောင်းသားမိဘဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ အထူးကုဆေးရုံကြီးများတွင် ပြန်လည်ပြုပြင်ရေးများဆောင်ရွက်လျက်ရှိသည့်အခြေအနေ ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၆

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ် များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးနှောက်နှင့် လည်ပင်းခွဲစိတ်ရောဂါ အထူးကုဆေးရုံကြီး၊ အရိုးရောဂါအထူးကုဆေးရုံကြီး၊ သားဖွားမီးယပ်အထူးကုဆေးရုံကြီး၊ ကလေးရောဂါ အထူးကုဆေးရုံကြီးသို့သွားရောက်၍ ဆေးရုံများရှိ အုပ်ချုပ်မှုဆောင်၊ ဆေးကုသဆောင်၊ ဆေးရုံဝင်း အတွင်းရှိ အဆောက်အအုံများ၊ ဆေးစတိုများ၊ ခွဲစိတ် ခန်းများ၏ ငလျင်ဒဏ်ခံခဲ့ရမှုအခြေအနေများအပေါ် ပြန်လည်ပြုပြင်ရေးများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး သည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ပျက်စီးမှုအမျိုးအစားနှင့် ပျက်စီးမှုပုံစံအဆင့်များ အလိုက် ပြန်လည်ပြုပြင်ရာတွင် လိုက်နာဆောင်ရွက် ရမည့် လုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ဆုံးပြင်ဆင် နိုင်ရေး၊ ပြင်ဆင်ပြီးနောက် ဆေးရုံများ ပြန်လည် ဖွင့်လှစ်ကာ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ် နိုင်ရေး၊ လူနာများ ဆေးရုံလာပြသည့်အခါ အဆင်ပြေ ချောမွေ့စေရေးအတွက် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့ သည့် ဆေးရုံအဝင်လမ်းများ၊ ဆေးရုံပတ်လမ်းများ၊ စင်္ကြံများကို အမြန်ဆုံးပြင်ဆင်နိုင်ရေးတို့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာတာဝန် ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။ ဆက်လက်၍ ကျန်းမာရေးဝန်ထမ်းများ၏ နေထိုင် စားသောက်ရေးအခြေအနေများ အဆင်ပြေချောမွေ့ စေရေးအတွက် ဝန်ထမ်းသက်သာချောင်ချိရေးကိစ္စ များ ဆောင်ရွက်ပေးရန်၊ ငလျင်ဒဏ်ကြောင့် အိမ်ရာ များထိခိုက်ခဲ့သည့် ဝန်ထမ်းများ အမိုးအကာအောက် အမြန်ဆုံးရောက်ရှိစေရေးအတွက် ဘာရာများ အမြန်ဆုံးပြီးစီးအောင်ဆောက်လုပ်ရေး၊ Container House များ ရရှိပါက သက်ဆိုင်ရာဝန်ထမ်းများအား အမြန်ဆုံးနေရာချထားပေးနိုင်ရေး မှာကြားပြီး လိုအပ် ချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်း ပေါင်းစပ်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ သည် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄)၊ တိုင်းရင်း ဆေးပညာဦးစီးဌာန၊ အမျိုးသားပရဆေးဥယျာဉ်နှင့် နေပြည်တော် ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီးတို့ တွင် ငလျင်ဘေးသင့်ဝန်ထမ်းများ နေထိုင်ရေးအတွက် ဘာရာများ ဆောက်လုပ်နေမှုအခြေအနေနှင့် Container House များထားရှိရန် နေရာများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းသည် မန္တလေးငလျင်ကြီးဘေးခံစားခဲ့ရသော ပြည်သူများ အား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် ကျန်းမာရေးဝန်ထမ်း များနှင့် လူနာများ အထွေထွေအသုံးပြုရန်အတွက် မုန်းဝန်းဗမာတိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ချုပ်မှ ငွေကျပ် သိန်း ၂၀၀ နှင့် Myanmar Japan Collaborative Project for People Development ပါမောက္ခ Shigeru Okada က ငွေကျပ် သိန်း ၁၅၀ လှူဒါန်း ခြင်းကိုလည်းကောင်း၊ ယမန်နေ့က ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့က ငွေကျပ် သိန်း ၅၀ လှူဒါန်းခြင်းကို လည်းကောင်း လက်ခံခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း အခွန်ပညာပေးရှင်းလင်းပွဲအခမ်းအနား တက်ရောက်

မော်လမြိုင် မေ ၆

မွန်ပြည်နယ် မော်လမြိုင်မြို့ တွင် ဌာနဆိုင်ရာများမှ တင်ဒါ လေလံဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများနှင့် ပတ်သက်၍ အခွန်ပညာပေး ရှင်းလင်းပွဲအခမ်း အနားကို မေ ၆ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီး ချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီး ချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန် ရှိသူများ တက်ရောက်သည်။



**ပြောကြား**

ဦးစွာ အခမ်းအနားတွင်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း က တင်ဒါလုပ်ငန်းများဆောင်ရွက် သည့်အခါ တံဆိပ်ခေါင်းခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန် စသည့် အခွန်အမျိုးအစားများ ပေးဆောင်ရန် တာဝန်ရှိကြောင်း၊ တင်ဒါလုပ်ငန်းများနှင့်ပတ်သက် သည့် ကိစ္စရပ်များကို ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံး လုပ်နည်း၊ ညွှန်ကြားချက်များ နှင့်အညီ သိစေလိုသည့်အတွက် ဌာနဆိုင်ရာများအနေဖြင့် ပြည်နယ် အခွန်ဦးစီးဌာနမှူးက ရှင်းလင်း ဆွေးနွေးမည့် ကိစ္စရပ်များကို သေသေချာချာ လိုက်နာမှတ်သား ပြီး တိတိကျကျလိုက်နာဆောင်ရွက် သွားစေလိုကြောင်း ပြောကြား သည်။

ထို့နောက် ပြည်နယ်အခွန်ဦးစီး ဌာန ပြည်နယ်ဦးစီးမှူးက "တင်ဒါ အောင်မြင်သည့် လုပ်ငန်းများ အတွက် အခွန်ကျသင့်မှုများ" သိကောင်းစရာအား Power Point ဖြင့် အခွန်ပညာပေးရှင်းလင်း တင်ပြပြီး တက်ရောက်လာကြ သည့် ဌာနဆိုင်ရာများက သိရှိလို သည်များကို မေးမြန်းခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားခဲ့သည်။

ဆက်လက်၍ "ပြည်သူ့ပါမှ အောင်မြင်မှာ" ခေါင်းစဉ်ဖြင့် စားသောက်ဆိုင်များတွင် ပြေစာ အမှတ်တံဆိပ် အသုံးပြုပြီး ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံ ခြင်း Video Clip အား ပြသခဲ့မှု အပေါ် ပြည်နယ်ဝန်ကြီးချုပ် နှင့် တာဝန်ရှိသူများက ကြည့်ရှု အားပေးခဲ့ကြပြီး ပြည်နယ်အခွန် ဦးစီးဌာန ပြည်နယ်ဦးစီးမှူးက လိုအပ်သည်များကို ထပ်ဆင့်ဖြည့် စွက်ရှင်းလင်းတင်ပြ၍ ပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ က တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် အလုံမြို့နယ်ဦးစီးမှူးရုံးမှ ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃) ဆောင်ရွက်ပေးမှုကြည့်ရှုအားပေး

**နေပြည်တော် မေ ၆**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုံမြို့နယ်ဦးစီးမှူးရုံးသို့ သွားရောက်၍ ရုံးခန်းများအခြေအနေနှင့် မှတ်တမ်းခန်းအတွင်း ကိုယ်ရေးမှတ်တမ်းများ ထိန်းသိမ်းထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ရုံးအဆောက်အအုံနှင့် ရုံးစာရွက်စာတမ်းများ၊ ရုံးသုံးပစ္စည်းများ လုံခြုံရေးအတွက် စနစ်တကျ ထိန်းသိမ်းထားရှိရေး၊ မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် စီမံဆောင်ရွက်ထားရှိရေး၊ တာဝန်ကျဝန်ထမ်းများ စနစ်တကျ တာဝန်ချထားရေးနှင့် ဝင်/ထွက်မှုမှတ်တမ်းများ ရေးသွင်းဆောင်ရွက်ရေး၊ လုံခြုံရေးအသိ၊ လုံခြုံရေးသတိ အမြဲရှိစေရေးမှာကြားကာ တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါ ရုံးဝန်ထမ်းများမှ ဒေသခံပြည်သူများကို ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း ပြောင်းဝင်/ ပြောင်းထွက်အတွက် လျှောက်ထားသူများ၊ နိုင်ငံသားကတ်ပြားမရှိသေးသူများ၊ လဲလှယ်နှင့် ပျောက်ဆုံး၊ ပျက်စီး လျှောက်ထားသူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ထုတ်ပေးနေမှုလုပ်ငန်းစဉ် အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လာရောက်ဆောင်ရွက်ကြသည့် ဒေသခံပြည်သူများကို လုပ်ငန်းဆိုင်ရာအခက်အခဲများကို မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ နိုင်ငံသား



ကတ်ပြား ရရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic / Biometric ကောက်ယူကာ Unique ID နံပါတ်ထုတ်ပေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီး၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနား ကျင်းပ

**မကွေး မေ ၆**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက် နံနက် ၇ နာရီက မကွေးမြို့တော်ခန်းမ၌ ကျင်းပသည်။

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တက်ရောက်လာသူများက မြေလျှင်ကြောင့် အသက် ဆုံးရှုံးမှုများအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်၍ ဦးညွှတ်ဂါရဝပြုခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးအတွင်းမှ "စံပြ" မီးသတ်စခန်းဆု၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ရရှိသည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနတွင်းသင်တန်းတွင် ထူးချွန်ဆုရရှိသည့် တပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် (၇၉)နှစ်မြောက်မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် မီးသတ်ကျင့်ဝတ်ပြိုင်ပွဲတွင် ဆုရရှိသူများနှင့် ငလျင်ဒဏ်သင့်ဒေသများသို့ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ခဲ့သည့် ရှာဖွေကယ်ဆယ်ရေးမီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်ကာ (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသောပြခန်းအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မောင်ညီညာ**





# ပခုက္ကူမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကင်းထောက်လူငယ်သင်တန်းဖွင့်ပွဲ ကျင်းပ

**ပခုက္ကူ မေ ၆**

ပခုက္ကူမြို့ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကင်းထောက်လူငယ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့ တက်ရောက်ကြသည်။

ဦးစွာ သင်တန်းတက်ရောက်မည့် ကင်းထောက်ကျောင်းသား လူငယ် မောင်မယ်များက "ကင်းထောက်ဂုဏ်ရည်" သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ကင်းထောက်မောင်မယ်များ အနေဖြင့် ဆောင်ပုဒ်ပါ "အစဉ်အသင့်" ဆိုသည့်အတိုင်း လူ့အဖွဲ့အစည်းအတွက် အရာရာကူညီပေးဖို့ အစဉ်အသင့်ဖြစ်နေမည့် လူငယ်မောင်မယ်များ၊ ဖျတ်လတ်နိုးကြားသည့် သတိတရားနှင့် တာဝန်ယူ၊ တာဝန်ခံတတ်သည့် စိတ်ထားများဖြင့် နွေရာသီကို အကျိုးရှိရှိအသုံးချသွားရန်နှင့် မကောင်းမှုများကို ရှောင်ရှားခြင်း၊ ကောင်းမှုများကို စိတ်အားထက်သန်စွာ ဆောင်ရွက်တတ်ခြင်းနှင့် လူငယ်ဘဝများ၏ ဖြူစင်သည့်စိတ်ထားများကို အစဉ်အမြဲ ဖြူစင်အောင်ကြိုးစားအားထုတ်သွားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပခုက္ကူမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ကင်းထောက်များရဲ့ ရှေ့သို့ခြေလှမ်း" သီချင်းဖြင့် ဖျော်ဖြေ တင်ဆက်ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့က သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ကင်းထောက်သင်တန်းကို သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၂၀ ဖြင့် မေ ၆ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲ ကျင်းပ

**နေပြည်တော် မေ ၆**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ခုနှစ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဗထူးတပ်နယ်ရှိ နယ်မြေခံသင်တန်းကျောင်း စက်ပစ်ကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဆုပေးပွဲတွင် ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော တောင်ကြီးတပ်နယ်အသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ရှစ်သင်း၊ အမျိုးသမီးအသင်း ရှစ်သင်းတို့ဖြင့် ဧပြီ ၂၈ ရက်မှ ယနေ့အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမြဲအမှတ်ရနေရမယ့် ဒုတိယကမ္ဘာစစ်ကပေးသော သင်ခန်းစာများ

ဆောင်းပါးရှင်- Iskander Azizov
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ
ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး



ဒီနှစ်က လက်ရှိရုရှားနိုင်ငံရဲ့ ယခင်ပြည်ထောင်စုကြီးဖြစ်တဲ့ ဆိုဗီယက်ပြည်ထောင်စုရဲ့ ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီး အနှစ်(၈၀)ပြည့်အောင်ပွဲအထိမ်းအမှတ်နှစ်ဖြစ်ပါတယ်။ နှစ်စဉ်မေလ ၉ ရက်မှာ ကျင်းပလေ့ရှိတဲ့ အောင်ပွဲနေ့အခမ်းအနားက ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိပြည်သူတွေအတွက် အလွန်နက်ရှိုင်းလေးနက်ပြီး အဓိပ္ပာယ်ရှိလှပါတယ်။ ဒီစစ်ပွဲကြီးရဲ့အမှတ်တရက နိုင်ငံရဲ့သမိုင်းကြောင်းမှာ ရဲစွမ်းသတ္တိရှိမှုနဲ့ ဝမ်းနည်းစရာကောင်းမှုဆိုတဲ့ အခန်းကဏ္ဍတစ်ခုအဖြစ် ကျွန်တော်တို့ရဲ့ စိတ်ထဲ၊ နှလုံးသားထဲတည်ရှိနေပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်း နာဇီဂျာမနီနဲ့ သူတို့ရဲ့ ဥရောပအဆွယ်အပွားတွေကို ချေမှုန်းနိုင်ခဲ့တဲ့ ဒီစစ်ပွဲကြီးမှာ လူသားမျိုးနွယ်စုတစ်ခုလုံးကို ခြိမ်းခြောက်လာတဲ့ ရန်သူတွေကို တိုက်ခိုက်ခြင်းဖြင့် အသက်ပေးလှူခဲ့ကြရသူ ဆိုဗီယက်စစ်သည်နဲ့အရပ်သားစုစုပေါင်း ၂၆ သန်းကျော်ရှိပါတယ်။ နှစ်ကာလတွေမည်မျှပင်ကြာမြင့်လာသည်ဖြစ်စေ မေလ ၉ ရက်ကတော့ ရုရှားပြည်သူတွေအတွက် အောင်မြင်မှု၊ အမှန်တရားအတိုင်းအောင်နိုင်မှုနဲ့ ခံနိုင်ရည်ဖွဲ၊ လုံ့လတို့ကို ဖော်ကျူးနေတဲ့ အရေးအကြီးဆုံးနဲ့ တန်ဖိုးအရှိဆုံးသော နေ့ရက်တစ်ရက်အဖြစ် ထာဝရတည်ရှိနေမှာပါ။

ဆိုဗီယက် ပြည်ထောင်စုက ဟစ်တလာရဲ့အစိုးရနဲ့ သူ့ဥရောပအဆွယ်အပွားတွေရဲ့ စစ်အင်အားကို အလုံးစုံပျက်သုဉ်းအောင် ချေမှုန်းနိုင်ဖို့အတွက် တိကျပြတ်သားပြီးအခြေခံကျတဲ့ အခန်းကဏ္ဍကနေ ပါဝင်ခဲ့တာဖြစ်ပါတယ်။ မဟာမျိုးချစ်စစ်ပွဲရဲ့ပထမသုံးနှစ်တာကာလအတွင်းမှာ ဆိုဗီယက်ပြည်ထောင်စုက နာဇီဂျာမနီတို့ကို တစ်ကိုယ်တည်း ကြံ့ကြံ့ခံရင်ဆိုင်ခဲ့ရပြီး အဲဒီအချိန်တုန်းက သိမ်းပိုက်ခံထားရတဲ့ ဥရောပဒေသတစ်ခွင်လုံးဟာ နာဇီတပ်တော်ကြီးအတွက်သာ အလုပ်တွေလုပ်ခဲ့ရတာပါ။ ဂျာမနီတို့ကလက်နက်ချအညံ့ခံသွားပြီးနောက် ဆိုဗီယက်ပြည်ထောင်စုက မဟာမိတ်များအပေါ်ပေးထားတဲ့ သူ့ရဲ့ကတိပြုမှုများကို လိုက်နာတဲ့အနေနဲ့ စစ်သွေးစစ်မာန်တက်ကြွနေတဲ့ ဂျပန်တို့ကိုလည်း တိုက်ခိုက်ချေမှုန်းခဲ့ပါတယ်။ ဂျပန်တို့ရဲ့ တိုက်ခိုက်မှုကြောင့် တရုတ်၊ ကိုရီးယားနဲ့ အရှေ့တောင်အာရှနိုင်ငံများဟာ ဘေးဒုက္ခပေါင်းများစွာသင့်ခဲ့ရတာပါ။

မိမိတို့အနေနဲ့ ဝင်ရိုးတန်းတပ်ဖွဲ့များဖြစ်တဲ့ နာဇီဂျာမနီ၊ ဖက်ဆစ်အီတလီနဲ့ ဂျပန်အင်ပါယာတို့ကို တိုက်ခိုက်ချေမှုန်းနိုင်ခဲ့တဲ့ မဟာမိတ်တပ်မတော်များ၊ ခုခံတိုက်ခိုက်ရေးသမားများ၊ တရုတ်နိုင်ငံမှစစ်သည်များနဲ့ ထောက်ခံသူများအားလုံးကို လေးစားဂုဏ်ယူလျက်ရှိပါတယ်။ ဒီလိုမျိုး စုပေါင်းစွမ်းအားတွေကြောင့်ပဲ ၁၉၄၅ ခုနှစ် စက်တင်ဘာလ ၂ ရက်မှာ ဒုတိယကမ္ဘာစစ်ကြီးကို အဆုံးသတ်စေခဲ့တာပါ။ ဒါကြောင့် မိမိတို့က ဘုံရန်သူနဲ့ပတ်သက်ပြီး မိမိတို့ရဲ့အတူတကွ လက်တွဲလှုပ်ရှားမှုများနဲ့ မဟာမိတ်များရဲ့အစဉ်အလာများကို ထာဝရအမှတ်ရနေမှာဖြစ်ပါတယ်။

မဟာအောင်ပွဲကြီးက အမျိုးသားလွတ်လပ်ရေးလှုပ်ရှားမှုကို ကြီးမားစွာအားပေးမြှင့်တင်နိုင်ခဲ့ပြီး နယ်ချဲ့ကိုလိုနီအမြစ်ပြတ်ချေမှုန်းရေး လုပ်ငန်းစဉ်ကိုလည်း စတင်လုပ်ဆောင်နိုင်စေခဲ့ပါတယ်။ ဥရောပစစ်မြေပြင်မှာ ဆိုဗီယက်တပ်တော်ကြီးရဲ့ စစ်ရေးအောင်မြင်မှုများက ဝင်ရိုးတန်းအင်အားစုနိုင်ငံများကို ချည့်နဲ့စေပြီး ၁၉၄၄ ခုနှစ်မှာ မြန်မာနိုင်ငံ (ယခင်ဗမာ)အတွင်း ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖဆပလ) တည်ထောင်မှုအတွက် အုတ်မြစ်ချစေနိုင်ခဲ့ပါတယ်။ ဖဆပလအဖွဲ့ချုပ်ဆိုတာ ၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်မှာ ဂျပန်နိုင်ငံက မြန်မာနိုင်ငံကို ရွှေရည်စိမ်လွတ်လပ်ရေး ပေးခဲ့တဲ့အတွက် ဂျပန်နိုင်ငံရဲ့ အုပ်ချုပ်မှုအောက်ကနေလွတ်မြောက်ဖို့ရည်မှန်းလုပ်ဆောင်တဲ့လှုပ်ရှားမှုမှာ မျိုးချစ်တပ်ဖွဲ့တွေကို စုစည်းခဲ့တဲ့အဖွဲ့ကြီးဖြစ်ပါတယ်။ ၁၉၄၅ ခုနှစ် မတ်လမှာ ဗမာ့အမျိုးသားတပ်မတော်ဦးဆောင်တဲ့ လူထုအုံကြွတော်လှန်မှုကြီးက မြန်မာနိုင်ငံအတွင်းကနေ ဂျပန်တပ်ဖွဲ့တွေကို မလွဲမသွေထွက်ခွာသွားစေပါတယ်။ အဲဒီနောက် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်မှာ မြန်မာနိုင်ငံကို ဗြိတိသျှကိုလိုနီအုပ်ချုပ်မှုအောက်ကနေ လွတ်လပ်သောနိုင်ငံအဖြစ်ကြေညာနိုင်စေခဲ့တဲ့ နိုင်ငံရေးအရ ပကတိအခြေအနေ အသစ်များဆီသို့လည်း ရွှေ့လျားဆင်းသက်လာစေတာဖြစ်ပါတယ်။

ဒုတိယကမ္ဘာစစ်ကြီးကနေထွက်ပေါ်လာတဲ့ အရေးအကြီးဆုံးသောရလဒ်များအနက်တစ်ခုမှာ ကုလသမဂ္ဂကိုမဏ္ဍိုင်ပြုတဲ့ နိုင်ငံတကာဆက်ဆံရေးပုံစံအသစ်ထွက်ပေါ်လာခြင်း ဖြစ်ပါတယ်။ အောင်နိုင်သူအင်အားကြီး နိုင်ငံဖြစ်တဲ့ ရုရှားနိုင်ငံက ဒီနှစ်မှာပဲ နှစ်(၈၀)ပြည့်မြောက်မယ့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းကြီးပေါ်ပေါက်လာဖို့နဲ့ ကောင်းစွာရပ်တည်နိုင်စေဖို့ ကြီးမားသော ကူညီထောက်ပံ့မှုတွေပေးနိုင်ခဲ့ပါတယ်။ အခုဆိုရင် ရုရှားနိုင်ငံက ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ အမြဲတမ်းအဖွဲ့ဝင်နေရာတစ်ခုကို မှန်ကန်စွာ ရယူထားနိုင်တာဖြစ်ပါတယ်။

ရုရှားနိုင်ငံက နောက်ထပ်ကမ္ဘာစစ်ပွဲကြီးတွေဖြစ်ပွားစေမယ့် ကပ်ဆိုးကနေကမ္ဘာကြီးကို ဘေးကင်းအောင်ကာကွယ်နိုင်စေဖို့အတွက် ရည်ရွယ်ဖွဲ့စည်းထားတဲ့ ကုလသမဂ္ဂအဖွဲ့ကြီးအတွက် သမိုင်းကြောင်းအရ ရယူရမယ့် တာဝန်ဝတ္တရားကို နားလည်သိရှိထားပါတယ်။ မိမိတို့ရုရှားနိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒသဘောတရားက လက်ရှိထွန်းသစ်စဗဟုဝင်ရိုးကမ္ဘာ့အခင်းအကျင်းမှာ အဖွဲ့ဝင်နိုင်ငံများရဲ့အကျိုးစီးပွားနဲ့ စုပေါင်းဆုံးဖြတ်ချက်ချမှု၊ ဗဟိုပူးပေါင်းဆောင်ရွက်မှု ယန္တရားအဖြစ် ကုလသမဂ္ဂရဲ့ အခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို ပြန်လည်ဖော်ထုတ် ထိန်းသိမ်းရေးအပေါ် ဦးစားပေးထားပါတယ်။ ဒီရည်မှန်းချက်ဆီ ဦးတည်သွားရာမှာ ရုရှားနိုင်ငံက တစ်ကမ္ဘာလုံးကို အများစုအဖြစ် ကိုယ်စားပြုတဲ့ စိတ်တူကိုယ်တူမိတ်ဖက်နိုင်ငံများနဲ့အတူ အနီးကပ်ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဒုတိယကမ္ဘာစစ်ကြီးက လွန်ခဲ့တဲ့နှစ်ပေါင်း ၈၀ မှာ ပြီးဆုံးခဲ့ပေမယ့်လည်း လက်ရှိ ကမ္ဘာတစ်ဝန်းမှာဖြစ်ပွားနေတဲ့ ပဋိပက္ခကြီးတွေမှာ သူ့ရဲ့ပဲ့တင်ထပ်သံကို ကြားယောင်နေရဆဲဖြစ်ပါတယ်။ အဲဒီပဋိပက္ခတွေကို ဖန်တီးသူတွေက Das Dritte Reich ရဲ့ဘာလင်စာအုပ်ထဲမှာ ဖော်ပြထားသလိုမျိုး မတူကွဲပြားသောဝါဒနဲ့ သာလွန်မှုကို ကြိုက်နှစ်သက်ပါတယ်ဆိုသောသူများ ဖြစ်ပါတယ်။ ကိုလိုနီနယ်ချဲ့မှုဝါဒကို လိမ်လည်လှည့်စားမှုနဲ့လှည့်ဖြားမှုတို့ဖြင့် ဖုံးကွယ်ထားတဲ့ အနောက်အုပ်စုအင်အားကြီးနိုင်ငံများကြောင့် ဒုတိယကမ္ဘာစစ်ဆိုတဲ့ အကြောင်းရင်းများ၊ အကျိုးရလဒ်များနဲ့ ပတ်သက်တဲ့ သမိုင်းအချက်အလက်အမှားတွေကို မိမိတို့အနေနဲ့သိမြင်ခဲ့ကြရပါတယ်။ သူတို့က မျိုးနွယ်စုများကြား၊ ဘာသာရေး အသိုက်အဝန်းများကြား ဒေသတွင်းပဋိပက္ခများ ဖြစ်ပွားအောင် မီးထိုးပေးခြင်းအားဖြင့် ရောမအင်ပါယာရဲ့အဆိုအမိန့်ဖြစ်တဲ့ "သွေးခွဲအုပ်ချုပ်" ဆိုတဲ့ဆိုရိုးစကားနဲ့အညီ တစ်ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဗဟိုချက်တွေကနေ အချုပ်အခြာအာဏာနဲ့လွတ်လပ်သော နိုင်ငံများကို အခြားနိုင်ငံများနဲ့ ခွဲထုတ်ဖို့ လုပ်ဆောင်လာတာဖြစ်ပါတယ်။

ဥရောပဒေသအနှံ့အပြားမှာ နာဇီဝါဒကိုအမွှမ်းတင်ဖို့ လုပ်ဆောင်တဲ့ ကြိုးပမ်းမှုတွေကို ထင်ထင်ရှားရှား မြင်တွေ့လာရပါတယ်။ ဘောလတစ်ဒေသနိုင်ငံများနဲ့ ယူကရိန်းနိုင်ငံတို့မှာ ပြည်တွင်းနာဇီရာဇဝတ်သမားများနဲ့ ကြံ့ရာပါ

စာမျက်နှာ ၇ သို့ ☆

❝မဟာအောင်ပွဲကြီးက အမျိုးသား လွတ်လပ်ရေးလှုပ်ရှားမှုကို ကြီးမားစွာ အားပေးမြှင့်တင်နိုင်ခဲ့ပြီး နယ်ချဲ့ကိုလိုနီ အမြစ်ပြတ်ချေမှုန်းရေးလုပ်ငန်းစဉ်ကိုလည်း စတင်လုပ်ဆောင်နိုင်စေခဲ့ပါတယ်။ ဥရောပစစ်မြေပြင်မှာ ဆိုဗီယက်တပ်တော်ကြီးရဲ့ စစ်ရေးအောင်မြင်မှုများက ဝင်ရိုးတန်းအင်အားစုနိုင်ငံများကို ချည့်နဲ့စေပြီး ၁၉၄၄ ခုနှစ်မှာ မြန်မာနိုင်ငံ (ယခင်ဗမာ)အတွင်း ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်(ဖဆပလ) တည်ထောင်မှုအတွက် အုတ်မြစ်ချစေနိုင်ခဲ့ပါတယ်။ ဖဆပလအဖွဲ့ချုပ်ဆိုတာ ၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်မှာ ဂျပန်နိုင်ငံက မြန်မာနိုင်ငံကို ရွှေရည်စိမ်လွတ်လပ်ရေးပေးခဲ့တဲ့အတွက် ဂျပန်နိုင်ငံရဲ့ အုပ်ချုပ်မှုအောက်ကနေလွတ်မြောက်ဖို့ ရည်မှန်းလုပ်ဆောင်တဲ့ လှုပ်ရှားမှုမှာ မျိုးချစ်တပ်ဖွဲ့တွေကို စုစည်းခဲ့တဲ့အဖွဲ့ကြီးဖြစ်ပါတယ်။ ၁၉၄၅ ခုနှစ် မတ်လမှာ ဗမာ့အမျိုးသားတပ်မတော်ဦးဆောင်တဲ့ လူထုအုံကြွတော်လှန်မှုကြီးက မြန်မာနိုင်ငံအတွင်းကနေ ဂျပန်တပ်ဖွဲ့တွေကို မလွဲမသွေထွက်ခွာသွားစေပါတယ်။ အဲဒီနောက် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်မှာ မြန်မာနိုင်ငံကို ဗြိတိသျှကိုလိုနီအုပ်ချုပ်မှုအောက်ကနေ လွတ်လပ်သော နိုင်ငံအဖြစ် ကြေညာနိုင်စေခဲ့တဲ့ နိုင်ငံရေးအရ ပကတိအခြေအနေအသစ်များဆီသို့လည်း ရွှေ့လျားဆင်းသက်လာစေတာဖြစ်❞

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ(၂) ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း Modular(prefabricated) office များ ရောက်ရှိလာမှုကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၆**

အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းသည် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်၊ ဦးမျိုးမြင့်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းမှ တစ်ဆင့် မီးရထားအတွဲ ၅၄ တွဲဖြင့် သယ်ဆောင်လာသည့် Modular (prefabricated) office ၁၀၈ လုံး ရွာတော်ဘူတာသို့ ရောက်ရှိလာမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် Modular (prefabricated) office များကို ကရိန်းများဖြင့် မော်တော်ယာဉ်များပေါ် စနစ်တကျတင်ဆောင်ပြီး ဝန်ကြီးဌာနရုံးများ၌ ယာယီရုံးအဆောက်အအုံများအဖြစ် အသုံးပြုနိုင်ရန် ဖြန့်ခွဲပို့ဆောင်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် သီလဝါဆိပ်ကမ်းမှတစ်ဆင့် မော်တော်ယာဉ် ၁၆ စီးဖြင့် သယ်ဆောင်လာသည့် ယာယီရုံးခန်းများ၌ အသုံးပြုမည့် ပရိဘောဂပစ္စည်းများပါဝင်သော ကွန်တိန်နာဘောက်များကို ဥပ္ပါတသန္တိစေတီတော်ရှေ့ တပေါင်းကွင်း၌ နေရာချထားမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ယနေ့ ရောက်ရှိလာသည့် Modular (prefabricated) office များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသို့ ၂၅ လုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ငါးလုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အလုံး ၃၀ နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသို့ ၄၄ လုံး ဖြန့်ဝေနေရာချထားပေးခဲ့ပြီး ကျန်ရှိသည့် Modular office များနှင့် ရုံးသုံးပရိဘောဂပစ္စည်းများကို ဝန်ကြီးဌာနများသို့ ဆက်လက် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

**နေပြည်တော် မေ ၆**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ “ ပြည်သူ့ကြားကပြည်သူ့စကား” အစီအစဉ်မှ လသားကလေးငယ်ပါမချန် အကြောင်းမဲ့သတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF” ခေါင်းစဉ်ဖြင့် မေ ၇ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ်ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် “နိုင်ငံရေးဆိုတဲ့ခေါင်းစဉ်အောက်မှာ ထိုးကျွေးခံ PDF လူငယ်တွေရဲ့ဘဝ”ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

**☆ စာမျက်နှာ ၆ မှ**

ပူးပေါင်းဆောင်ရွက်သူများ ပြန်လည်နိုးထလာခြင်းဟာ ဥရောပသမဂ္ဂရဲ့ တရားဝင်မူဝါဒနဲ့အညီ ဆိုသလိုဖြစ်လာပြီး ဒါဟာနိုင်ငံရေးနဲ့ စိတ်ဓာတ်ရေးရာမှာ နိမ့်ကျခြင်းတို့ရဲ့ ထင်သာမြင်သာရှိသော ဥပမာများကို မျက်စိစုံမှိတ်ထားသလို ဖြစ်နေပါတယ်။



ထိုသို့ ဆိုးလာသည့်တိုင်အောင် ယူကရိန်းနိုင်ငံအတွင်းရှိ နာဇီကို လိုလားတဲ့ အစွန်းရောက်အမျိုးသားရေးအင်အားစုများကို အနောက်အုပ်စုမှခေါင်းဆောင်များက မသိမသာအတည်ပြုထောက်ခံပေးနေခြင်းကြောင့် ယူကရိန်းအစိုးရကိုယ်တိုင်က ရုရှားနိုင်ငံသားများ အများဆုံးနေထိုင်လျက်ရှိတဲ့ ဒေသများရှိ သာမန်ပြည်သူများနဲ့ နိုင်ငံရေးအတိုက်အခံအင်အားစုများအပေါ် ကြမ်းကြုတ်ရက်စက်မှုများစွာ ကျူးလွန်လာနိုင်တာဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်မှာဖြစ်ပွားတဲ့ သွေးမြေကျအာဏာသိမ်းမှု ဖြစ်ပွားပြီးနောက် ယူကရိန်းအစိုးရက ဒွန်းဘက်ဒေသမှာ ဆိုးရွားပြင်းထန်လှတဲ့ စစ်ဆင်ရေးတစ်ရပ်ကိုဆင်နွှဲကာ မြို့ကြီးပြကြီးတွေမှာ မဆင်မခြင် ဗုံးကြဲတိုက်ခိုက်မှုများနဲ့အတူ အရပ်သားပြည်သူထောင်ပေါင်းများစွာရဲ့ အသက်ဇီဝိန်များကို ခြွေယူခဲ့ပါတယ်။

အခုဆိုရင် ယူကရိန်းခေါင်းဆောင်များက သူတို့ကိုယ်သူတို့ NATO တပ်ဖွဲ့အတွက် မြို့တံခါးဖျက်သစ်တုံးအဖြစ်ကို ရွေးချယ်ခဲ့တာကြောင့် ဒါဟာရုရှားနိုင်ငံအတွက် စစ်ရေးအရ တိုက်ရိုက်ခြိမ်းခြောက်မှုဖြစ်လာပါတယ်။ ဒါကြောင့်လည်း ပဋိပက္ခကမလွဲမသွေ ဖြစ်လာရတာဖြစ်ပါတယ်။ ရုရှားသမ္မတဗလာဒီမာပူတင်က ယူကရိန်းအထူးစစ်ဆင်ရေးဆင်နွှဲနေတဲ့ စစ်သည်တွေကို မိန့်ခွန်းပြောကြားရာမှာ “ဒီကနေ့အချိန်အခါမှာ ရဲဘော်တို့က အတိတ်မှာဆိုရင်လည်း အမိမြေရဲ့လုံခြုံရေးနဲ့အနာဂတ်အတွက် တိုက်ပွဲဝင်ခဲ့ရသလို ဒုတိယကမ္ဘာစစ်ကြီးကပေးတဲ့သင်ခန်းစာကိုလည်း ဘယ်သူမှ မေ့ပျောက်လို့မရအောင် စွမ်းဆောင်ခဲ့ပြီး ကမ္ဘာကြီးမှာ နှိပ်စက်ညှင်းပန်းသူများ၊ လူသတ်သမားများနဲ့ နာဇီများအတွက် နေစရာနေရာမရှိအောင် ဆောင်ရွက်ခဲ့ကြပါတယ်”လို့ ပြောကြားခဲ့တာရှိပါတယ်။

အာရှနဲ့ပစိဖိတ်ဒေသမှာဆိုရင် ဂျပန်အာဏာပိုင်များက အင်ပါယာစနစ်ဆိုးကြီးရဲ့ အမှားများကို ဘယ်တုန်းကမှ နောင်တမရခဲ့ဘဲ တရုတ်နိုင်ငံကို ထိန်းချုပ်ရန်နဲ့ ထိပ်တိုက်ရင်ဆိုင်ရန် လိုအပ်တယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ စစ်ပုံပြုခြင်း လမ်းကြောင်းပေါ် ပြန်လည်လျှောက်လှမ်းပြီး မဟာမိတ်ဖွဲ့စည်း တည်ထောင်မှုများကို လုပ်ဆောင်လာလျက်ရှိပါတယ်။

နိုင်ငံတကာဆက်ဆံရေးမှာ အငြင်းပွားမှုများစွာရှိသော်လည်း ရုရှားနိုင်ငံကတော့ တူညီမှုရှိပြီး ခွဲခြားလို့မရနိုင်တဲ့ လုံခြုံရေးစနစ် တည်ဆောက်မှုကိုသာ အမြဲတမ်းထောက်ခံအားပေးခဲ့ပါတယ်။ ဒီလုံခြုံရေးစနစ်ဆိုတာ နိုင်ငံတကာ အသိုင်းအဝိုင်းကြီးတစ်ခုလုံးအတွက် မရှိမဖြစ် အရေးကြီးတဲ့စနစ် ဖြစ်ပါတယ်။ ရုရှားနိုင်ငံက ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နဲ့ BRICS အဖွဲ့တို့မှာရှိတဲ့ စိတ်တူသဘောတူရှိသော မိတ်ဖက်နိုင်ငံများနဲ့အတူ မဟာယူရေးရှားဒေသနဲ့ နောက်ပိုင်းမှာ လုံခြုံရေးပုံစံအသစ် ထွက်ပေါ်လာရေးကို အားကြိုးမာန်တက်ဆောင်ရွက်လျက်ရှိပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်း ဘုံရန်သူကိုတိုက်ခိုက်ရာမှာတွေ့ကြုံခဲ့ရတဲ့ စည်းလုံးညီညွတ်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုအတွေ့အကြုံတို့အပေါ်ယုံကြည်မှုက နိုင်ငံအားလုံးရဲ့လွတ်လပ်ပြီး ကိုယ်ပိုင်သတ်မှတ်ချက်ရှိတဲ့ ဖွံ့ဖြိုးတိုးတက်မှုတစ်ခုအတွက် တူညီသော အခွင့်အလမ်းမူဝါဒများအပေါ် အခြေခံတဲ့ မျှတမှုရှိသောကမ္ဘာကြီးဆီသို့ လျှောက်လှမ်းရာမှာ အခြေခိုင်စေမှာဖြစ်ပါတယ်။

မိမိတို့အနေဖြင့် အနိုင်မခံအရှုံးမပေးသော အောင်နိုင်သူမျိုးဆက်များအဖြစ် ဂုဏ်ယူဝင့်ကြွားရပါတယ်။ သူတို့ရဲ့အရိုက်အရာကိုဆက်ခံတဲ့ မိမိတို့အနေနဲ့ ဒုတိယကမ္ဘာစစ်မှ ကြမ်းတမ်းတဲ့ သင်ခန်းစာများကို မှတ်သားလေ့လာပြီး ဒီအမှားများကို နောက်တစ်ကြိမ်မကျူးလွန်စေဖို့နဲ့ နာဇီဝါဒကိုအောင်နိုင်ခဲ့သူများရဲ့အမှတ်တရများကို ဆက်လက်ထိန်းသိမ်းထားနိုင်ဖို့အတွက် တာဝန်ရှိပါတယ်။ သူတို့က မိမိတို့ကို တာဝန်ဝတ္တရားနဲ့နှီးကြားမှုရှိကာ နောက်ထပ်ကမ္ဘာစစ်ကြီးဖြစ်ပွားမှုကို ရှောင်လွှဲနိုင်ဖို့အတွက် အရာအားလုံးကိုလုပ်ဆောင်မယ့်သူများအဖြစ် ယုံကြည်ကိုးစားခဲ့ကြတာဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

**ဘာသာပြန်ဆိုသူ - ထက်မြတ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကျောက်ဆည်စက်မှုနယ်မြေ ဝန်ထမ်းများနှင့်တွေ့ဆုံ၊ ဘိလပ်မြေစက်ရုံ ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၆

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း သည်ယနေ့မွန်းလွဲပိုင်းတွင်မန္တလေး တိုင်းဒေသကြီး ကျောက်ဆည် စက်မှုနယ်မြေရှိ အမှတ် (၃၃) အကြီးစားစက်ရုံ (ကျောက်ဆည်) သို့ ရောက်ရှိစစ်ဆေးသည်။

**စီမံဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီး သည် အစည်းအဝေးခန်းမ၌ ကျောက်ဆည် စက်မှုနယ်မြေရှိ စက်ရုံမှူးများ၊ စက်ရုံတာဝန်ခံများ အား တွေ့ဆုံ၍ ငလျင်လှုပ်ခတ်မှုကြောင့် စက်မှုဝန်ကြီးဌာနရှိ စက်ရုံ၊ အလုပ်ရုံများ၊ အိမ်ရာများ ထိခိုက်ပျက်စီးခြင်း၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ ထိခိုက်ဒဏ်ရာရရှိခြင်းနှင့် သေဆုံးခြင်းများဖြစ်ပေါ်ခဲ့သဖြင့် အချိန်နှင့်တစ်ပြေးညီငလျင်သင့်ဒေသများသို့ သွားရောက်၍ ဝန်ထမ်းများနှင့် မိသားစုဝင်များကို တွေ့ဆုံအားပေးစကားပြောကြားခြင်း၊ ထောက်ပံ့ငွေများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ ငလျင်ဒဏ်ကြောင့် ပျက်စီး ဆုံးရှုံးမှုများနှင့်ပတ်သက်၍ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံများကို စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး တွန်းအားပေးဆောင်ရွက်နေသကဲ့သို့ အခြားလူသုံးကုန်နှင့် ဆေးဝါးစက်ရုံများကိုလည်း ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း။

ပြည်သူများ အခက်အခဲကြုံတွေ့နေချိန်တွင် လိုအပ်သောပစ္စည်းများကို ဈေးကွက်အတွင်း လွယ်လင့်တကူ ဝယ်ယူရရှိခြင်းဖြင့် ကုန်ပစ္စည်းများ၏ ဈေးနှုန်းကို တည်ငြိမ်အောင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ အနေဖြင့် ပေးအပ်ထားသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန်နှင့် တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာ ကျင့်ဝတ်သိက္ခာများနှင့်အညီ ကျင့်ကြံနေထိုင်သွားရန် မှာကြားပြီး စက်ရုံမှူးများ၊ စက်ရုံတာဝန်ခံများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စက်မှုဝန်ကြီးဌာနနှင့် Myanmar Conch Cement Co., Ltd. တို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အမှတ်(၃၃) အကြီးစားစက်ရုံ (ကျောက်ဆည်) တွင် ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် စက်ပစ္စည်းနှင့် အဆောက်အအုံများကို စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် မြန်မာသံတော်မြတ်ကုမ္ပဏီလီမိတက်၏ကြံနှစ်ကောင် ဘိလပ်မြေစက်ရုံသို့ ရောက်ရှိပြီး မန္တလေးငလျင်ကြီးကြောင့် စက်ရုံ ထိခိုက်ပျက်စီးခဲ့မှု၊ ဘိလပ်မြေများ ထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊ ထုတ်လုပ်သည့် ဘိလပ်မြေများအား အရည်အသွေးပြည့်မီစေရေး အတွက် ဓာတ်ခွဲစမ်းသပ် စစ်ဆေးနေမှု၊ ထုတ်လုပ်ပြီး ဘိလပ်မြေများအား ဈေးကွက်သို့ တင်ပို့ရောင်းချရန် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေတို့ကို လှည့်လည်အားပေးကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်း ဆောင်ရွက်ပေးသည်။

မြန်မာသံတော်ဆင့် ကုမ္ပဏီလီမိတက်၏ ကြံနှစ်ကောင် ဘိလပ်မြေစက်ရုံ၌ ထုတ်လုပ်မှုလိုင်းနှစ်လိုင်းရှိသည့် အနက် တစ်နေ့လျှင် တန် ၅၀၀၀ ထုတ်လုပ်နိုင်ခဲ့သည့် ကုန်ထုတ်လိုင်း တစ်လိုင်းအား မေ ၄ ရက်တွင် ပြန်လည်လည်ပတ်နိုင်ခဲ့ပြီး စက်ရုံလည်ပတ်သည်နှင့် ထွက်ရှိသည့် ဘိလပ်မြေအိတ် ၄၂၀၀၀ ကို ဈေးကွက်အတွင်း စတင်ဖြန့်ဖြူးရောင်းချပြီဖြစ်ကြောင်းနှင့် ထပ်မံ၍ နေ့စဉ်ထွက်ရှိလာမည့် ဘိလပ်မြေများကိုလည်း ငလျင်ဘေးဒဏ်သင့်ဒေသများသို့ ဦးစားပေးဖြန့်ဖြူးရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၆

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုတို့တွင် မေ ၆ ရက်အထိ သေဆုံးသူ ၃၇၈၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၆ ဦးနှင့် ပျောက်ဆုံးသူ ၈၈ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း၊ ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၉၄ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ မေ ၅ ရက် ညနေ ၅ နာရီမှ မေ ၆ ရက် ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဘရာဇီးနိုင်ငံက ထောက်ပံ့သည့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ အာဟာရပြည့် အစားအစာခြောက်များ၊ ရေသန့်စက်များ စုစုပေါင်း ၅ ဒသမ ၈၂ တန်၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှတစ်ဆင့် ဗီယက်နမ်နိုင်ငံမှ Mrs. Grand International 2022 ဦးဆောင်သော ပရဟိတအဖွဲ့က ထောက်ပံ့သည့် ငါးသေတ္တာ၊ နွားနို့၊ ခြင်ထောင်များ စုစုပေါင်း သုည ဒသမ ၅ တန်နှင့် ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှတစ်ဆင့် ဟန္တိုင်းမြို့ရှိ ဗင်နီဇွဲလားဘိုလီဗာ ရီယန်သမ္မတနိုင်ငံသံရုံးက ထောက်ပံ့သည့် ဆားဖျော်ရည်၊ ခေါက်ဆွဲခြောက်၊ ဆေးဝါးစသည့် ကတ္တူပုံး သုည ဒသမ ၂၆ တန် ရောက်ရှိခဲ့သည်။ အလားတူ မြန်မာ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (MIP) သို့လည်း ဗီယက်နမ်နိုင်ငံက ထောက်ပံ့သော နွားနို့ ၁၄ တန် ရောက်ရှိခဲ့ပြီး အဆိုပါထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးငလျင်ဘေးသင့် ဝန်ထမ်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် မေ ၆

မန္တလေး ငလျင်ဘေးသင့် ဝန်ထမ်းများအတွက် လိုအပ်သည့် ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရန်ကုန်ခါနန် တရုတ်နှစ်ခြင်းအသင်းတော်က ငွေကျပ်သိန်း ၅၀၊ ဆန်နှစ်ပြည်အိတ် ၅၀ နှင့် မြန်မာနိုင်ငံခရစ်ယာန် ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြုဇဟိုကော်မတီက ငွေကျပ် ၁၀ သိန်းတို့ကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (DMC) ရုံး၌ လာရောက်ပေးအပ်လှူဒါန်းသည်။




အဆိုပါ လှူဒါန်းငွေများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် မေ ၆

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

☆ **နော်တင်ဟမ်ဖောရက်စ်အသင်းမှ**

သွင်းယူပေးခဲ့ကာ နော်တင်ဟမ်ဖောရက်စ်အသင်းအတွက် တစ်ဂိုးကို ၆၄ မိနစ်မှာ မူရီလိုက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

နော်တင်ဟမ်ဖောရက်စ်အသင်းဟာ ပရီမီယာလိဂ်ပွဲစဉ် ၃၅ အပြီး ကစားဖို့ သုံးပွဲအလိုမှာ ရမှတ် ၆၁ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် ၅ နေရာက ချယ်လ်ဆီးအသင်းနဲ့ နှစ်မှတ်အကွာ အဆင့် ၆ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ခရစ္စတယ်ပဲလေ့စ်အသင်းကတော့ လက်ရှိအချိန်မှာ ရမှတ် ၄၆ မှတ်နဲ့ ပရီမီယာလိဂ်အမှတ်ပေးဇယားအဆင့် ၁၂ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ခရစ္စတယ်ပဲလေ့စ်အသင်းဟာ အက်ဖ်အေဖလားပြိုင်ပွဲမှာတော့ အက်စ်တွန်ဗီလာအသင်းကို ဆီမီးဖိုင်နယ်အဆင့်မှာ အနိုင်ရပြီး နောက်ဆုံးဗိုလ်လုပွဲမှာ မန်စီးတီးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

**ငွေကြေယ်**

# လျှော်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၆**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တိုင်းစစ်ဌာနချုပ် အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/ အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက စစ်ကိုင်းမြို့ ရန်နိုင်ရပ်ကွက်ရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် စောင့်ရှောက်ရေးစခန်း၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနက ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် အိမ်ထောင်စုတစ်စုလျှင် စောင်၊ ခြင်ထောင်၊ တီရှပ်၊ ပုဆိုး၊ လုံချည်၊ ဒန်အိုး၊ ဇလုံ၊ ပန်းကန်ပြား၊ သောက်ရေခွက်၊ ဖွန်း၊ ဆပ်ပြာ၊ ရေဖလား၊ မိုးကာ၊ ခား၊ မျက်နှာသစ်တဘက်နှင့်ကော်ပုံး စုစုပေါင်း ၁၆ မျိုးတို့ကို ထောက်ပံ့ပေးဝေနေမှုများအား ကြည့်ရှုအားပေးပြီး ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် စည်းကမ်းစနစ်တကျရှိစေရေးတို့အတွက် စခန်းရှိတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် နန်းဦးရပ်ကွက်ရှိ မရှိခဏစေတီနှင့် တကောင်းရပ်ကွက်ရှိ သစ္စာစေတီတို့တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများအား ရှင်းလင်းဖယ်ရှားနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ နှစ် (၇၀၀) ပြည့်အားကစားကွင်းရှိ ငလျင်ဒဏ်သင့်ပြည်သူများအတွက် စောင့်ရှောက်ရေးစခန်း၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက အိမ်ထောင်စုတစ်စုလျှင် စောင်၊ ခြင်ထောင်၊ တီရှပ်၊ ပုဆိုး၊ လုံချည်၊ ဒန်အိုး၊ ဇလုံ၊ ဖွန်း၊ ဆပ်ပြာ၊ ရေဖလား၊ မိုးကာ၊ ခား၊ မျက်နှာသစ်တဘက်နှင့် ကော်ပုံး စုစုပေါင်း ၁၄ မျိုးတို့ ထောက်ပံ့ပေးဝေနေမှုများကို ကြည့်ရှု၍ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များနှင့် စည်းကမ်းစနစ်တကျရှိစေရေးတို့အတွက် စခန်းရှိတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် စီတီးရပ်ကွက်ရှိ ရာဇာမဏိစူဠာကောင်းမှုတော်စေတီ၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများအား ရှင်းလင်းဖယ်ရှားနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ရွာထောင်ရပ်ကွက်ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးလျက်ရှိသော ကျောင်းဆောင်များ၊ အုတ်တံတိုင်းနံရံများ၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီနှင့် ဥမင်သုံးဆယ်စေတီတို့၌ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးလျက်ရှိသော သာသနိက အဆောက်အအုံများအား ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများကို လည်းကောင်း၊ စစ်ကိုင်းမြို့ ပါရမီရပ်ကွက်၊ ပန်းပဲတန်းရပ်ကွက်နှင့် ပိုးတန်းရပ်ကွက်တို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော လူနေအဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် ရှင်းလင်းဖယ်ရှားနေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ Sky Villa နေရာတွင် စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကျောက်ဆည်ခရိုင်အတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ပြည်သူများလက်ဝယ်သို့ တိုက်ရိုက်ရောင်းချပေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၃ လမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းပေါ်ရှိ ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိ အဆောက်အအုံများ၊ ၃၅ လမ်း၊ ၇၃ လမ်းနှင့် ၇၄ လမ်းပေါ်ရှိ ငလျင်ဒဏ်သင့်အန္တရာယ်ရှိ အဆောက်အအုံများ၊ ၂၉ လမ်းနှင့် ၈၄ လမ်းထောင့်ရှိ ငလျင်ဒဏ်သင့် အန္တရာယ်ရှိအဆောက်အအုံများအား စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေး၍ တာဝန်ရှိသူများအား လုပ်ငန်းခွင်အန္တရာယ် မရှိစေရေး ဦးစားပေး ဆောင်ရွက်သွားရန်၊ ဖယ်ရှား ရှင်းလင်းနေသည့် အဆောက်အအုံ ဝန်းကျင်ရှိ ကျန်အဆောက်အအုံများ အား ထိခိုက်မှုမရှိစေရေး အလေးထား ဆောင်ရွက်သွားရန်၊ အများပြည်သူများ နေ့စဉ်သွားလာနေသည့် လမ်းများဖြစ်သည့်အတွက် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန် မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများက မန္တလေးမြို့ ၃၄ လမ်းမကြီးတစ်လျှောက်နှင့် ၇၃ လမ်းမကြီးတစ်လျှောက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိ အဆောက်အအုံများအား စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဖယ်ရှားရှင်းလင်းပြီး အဆောက်အအုံနေရာများအား စနစ်တကျ ထိန်းသိမ်းထားရှိမှုအခြေအနေများကို လည်းကောင်း သွားရောက်ကြည့်ရှု၍ အများပြည်သူများ အသုံးပြုမှုများသော အဓိကလမ်းမကြီးများပေါ်ရှိ အန္တရာယ်ရှိအဆောက်အအုံ အပျက်အစီးများအား ဦးစားပေး၍ အမြန်ဆုံး ဖယ်ရှားရှင်းလင်းနိုင်ရေး ဌာနဆိုင်ရာများနှင့် ပူးပေါင်း ဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ မဟာအောင်မြေမြို့နယ် ပြည်ကြီးမျက်ရှင်ကားဝင်း အတွင်းရှိ ငလျင်ဒဏ်သင့်ကားဂိတ် အဆောက်အအုံများအား အပြီးသတ် ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အောင်မြေသာစံမြို့နယ်ရှိ Sky Villa နေရာသို့ ရောက်ရှိကာ အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းများကို ကြည့်ရှုအားပေးပြီး အပျက်အစီးများ ဖယ်ရှားရှင်းလင်းစဉ် တွေ့ရှိရသော ငွေကျပ်သိန်း ၈၃၀ နှင့် ရွှေ ၁၀ ကျပ်သားတုံး ၁၀ တုံး၊ တန်ဖိုးရှိလက်ဝတ်ရတနာများနှင့် ဘဏ်စာအုပ် ကိုးအုပ်တို့အား ပိုင်ရှင်ထံသို့ စနစ်တကျ လွှဲပြောင်းပေးအပ်နေမှုတို့ကို ကြည့်ရှုကြပ်မတ် ဆောင်ရွက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ကုသိုလ်တော် ဘုရားကြီးဝင်းအတွင်း ဖွင့်လှစ်ထားသော ငလျင်ဘေးသင့်ပြည်သူများ ယာယီကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ ငလျင်ဒဏ်သင့်ပြည်သူများနှင့် တွေ့ဆုံအားပေး စကားပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပြီး သောက်ရေ သုံးရေ ဖူလုံစွာရရှိရေး စနစ်တကျ စီစဉ်ဆောင်ရွက်ပေးရန်၊ စည်းကမ်းတကျ နေထိုင်နိုင်စေရေး၊ အမှိုက်များ စွန့်ပစ်ကန်ဖြင့် စနစ်တကျစွန့်ပစ်နိုင်စေရေး၊ သန့်စင်ခန်းများကို လူဦးရေအချိုးအစားအလိုက် တည်ဆောက်ပေးပြီး ယင်လုံအောင် စနစ်တကျ ဆောင်ရွက်စေရေး၊ ယာယီနေထိုင်သူများအား စနစ်တကျမှတ်တမ်းပြုစုထားရှိစေရေးတို့ကို မှာကြားသည်။ ထို့ပြင် အဆိုပါယာယီကယ်ဆယ်ရေးစခန်းရှိ ငလျင်ဒဏ်သင့်ပြည်သူများအား မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုတို့ကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် အမရပူရမြို့နယ်ရှိ ရွှေအိုးရကျောင်းတိုက်နှင့် မဟာဂန္ဓာရုံ ကျောင်းတိုက်တို့သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား ရှင်းလင်းဖယ်ရှားနေမှုများ၊ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး လုပ်ငန်းဆောင်ရွက်နေသည့်အဖွဲ့များအား စားသောက်ဖွယ်ရာများ ပေးအပ်ကာ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူများအား မှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ အမရပူရမြို့နယ်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာလေစွအခြေခံပညာ အလယ်တန်းကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) (ကုက္ကိုရွာ)၊ ကြည့်မြင်တိုင် အခြေခံပညာအထက်တန်းကျောင်းခွဲနှင့် မြစ်ငယ်အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများနှင့် စာသင်ကျောင်းများတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေး အတွက် ပြင်ဆင် ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု အားပေးသည်။ ထို့နောက် ကြည့်မြင်တိုင် အခြေခံပညာ အထက်တန်းကျောင်းခွဲအတွင်း ဖွင့်လှစ်ထားသော ငလျင်ဘေးသင့်ပြည်သူများ ယာယီကယ်ဆယ်ရေး စခန်းသို့ သွားရောက်၍ ငလျင်ဒဏ်သင့် ပြည်သူများနှင့် တွေ့ဆုံအားပေး စကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းကာ စာသင်ကျောင်းများရှိ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော အဆောက်အအုံများကို ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ အမြန်ဆုံး ဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအား မှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**စာမျက်နှာ ၁၁ သို့ ❍**

# ၂၀၂၅ ဩစတြေးလျရွေးကောက်ပွဲ သုံးသပ်ချက်

**နိုင်ငံတကာရေးရာ သုတေသီတစ်ဦး**

ပြီးခဲ့တဲ့ ၂၀၂၅ ခုနှစ် မေလ ၃ ရက်နေ့မှာ ဩစတြေးလျနိုင်ငံ ဗဟိုအစိုးရရွေးကောက်ပွဲတွေ ကျင်းပပြုလုပ်ခဲ့ပြီး အဲဒီနေ့ ညသန်းခေါင်ယံမှာပဲ ရွေးကောက်ပွဲရလဒ်အများစု ထွက်ပေါ်လာခဲ့ပြီ ဖြစ်ပါတယ်။ ရွေးကောက်ပွဲမတိုင်မီ ရွေးကောက်ပွဲ စစ်တမ်းတွေမှာ လက်ရှိဝန်ကြီးချုပ် Anthony Albanese ဦးဆောင်တဲ့ လေဘာပါတီ (Labor Party) နဲ့ အတိုက်အခံခေါင်းဆောင် Peter Dutton ဦးဆောင်တဲ့ လစ်ဘရယ်/ အမျိုးသားညွန့်ပေါင်း ပါတီ (Liberal/National Coalition) ဟာ အကြိတ်အနယ် ယှဉ်ပြိုင်ရမယ်လို့ ခန့်မှန်းတွက်ဆခဲ့ကြပေမယ့် ထွက်ပေါ်လာတဲ့ မဲရလဒ်တွေအရ လေဘာပါတီဟာ ရွေးကောက်ပွဲမှာ အပြတ်အသတ်အနိုင်ရသွားခဲ့ပါတယ်။



မေလ ၃ ရက်နေ့ ရွေးကောက်ပွဲမှာ မဲရလဒ်အပြတ်အသတ်အနိုင်ရသွားသည့် လက်ရှိဝန်ကြီးချုပ် Anthony Albanese အောင်ပွဲခံစဉ်။

**အနိုင်ရသွားတဲ့ လေဘာပါတီကို ချီးကျူးဂုဏ်ပြု**

လစ်ဘရယ်/ အမျိုးသားညွန့်ပေါင်းပါတီဟာ ရွေးကောက်ပွဲရှုံးနိမ့်ရုံတင်မဟုတ်ဘဲ ပါတီခေါင်းဆောင် Peter Dutton ကိုယ်တိုင် ၂၄ နှစ်ကြာ ဆက်တိုက်အနိုင်ရခဲ့တဲ့ သူ့မဲဆန္ဒနယ်မှာ ပြိုင်ဘက် လေဘာပါတီကိုယ်စားလှယ်လောင်းကို ရှုံးနိမ့်ခဲ့တာ ဖြစ်ပါတယ်။ သတင်းမီဒီယာအချို့ကတော့ အခု ရွေးကောက်ပွဲကို သမိုင်းအစဉ်အလာကြီးမားတဲ့ လစ်ဘရယ်/ အမျိုးသား ညွန့်ပေါင်းပါတီအတွက် အရှက်ရဖွယ် ရွေးကောက်ပွဲအဖြစ် ဖော်ပြနေကြပါတယ်။ Peter Dutton ကိုယ်တိုင် သူ့ပါတီရှုံးနိမ့်မှုကို ဝန်ခံသွားပြီး အနိုင်ရသွားတဲ့ လေဘာပါတီကို ချီးကျူးဂုဏ်ပြုလိုက်ပါတယ်။ အခုဆို နိုင်ငံတကာ ခေါင်းဆောင်တွေကလည်း ရွေးကောက်ပွဲအနိုင်ရသွားတဲ့ လက်ရှိဝန်ကြီးချုပ် Anthony Albanese ကို ဝမ်းမြောက်ကြောင်းသဝဏ်လွှာတွေ ပေးပို့နေကြပြီဖြစ်ပါတယ်။

**❝ဩစတြေးလျရွေးကောက်ပွဲဟာ ကနေဒါရွေးကောက်ပွဲလိုပဲ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့အရိပ်က ကြီးမားစွာတည်ရှိနေပါတယ်။ လေ့လာသူအများအပြားက ကနေဒါနဲ့ ဩစတြေးလျ ရွေးကောက်ပွဲတွေဟာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အပေါ် အမေရိကန် ပြင်ပမဟာမိတ်နိုင်ငံတွေရဲ့ လူကြိုက်များမှုကို စမ်းသပ်ချက်တစ်ခုအနေနဲ့ ရှုမြင်ကြပါတယ်။ ဩစတြေးလျ ပြည်သူအများစုက ထရမ့်အပေါ် သိပ်အကောင်းမမြင်ကြတဲ့အတွက် ထရမ့်နဲ့နီးစပ်တဲ့ နိုင်ငံရေးသမားတွေ၊ နိုင်ငံရေးပါတီတွေဟာ ရွေးကောက်ပွဲမှာ ထိခိုက်နိုင်တယ်လို့ တွက်ဆကြ❞**

ဩစတြေးလျမှာ ဗဟိုအစိုးရ ရွေးကောက်ပွဲတွေကို ၃ နှစ်တစ်ကြိမ် ကျင်းပပါတယ်။ ရွေးကောက်ပွဲတွေမှာ အောက်လွှတ်တော် (House of Representatives) နဲ့ အထက်လွှတ်တော် (Senate) နေရာတွေကို ရွေးချယ်တင်မြှောက်ကြပါတယ်။ အောက်လွှတ်တော်က သတ်မှတ်မဲဆန္ဒနယ်တွေက ပြည်သူတွေကို ကိုယ်စားပြုတာဖြစ်ပြီး အထက်လွှတ်တော်ကတော့ ပြည်နယ်နဲ့ ပိုင်နက်နယ်မြေတွေကို ကိုယ်စားပြုတာဖြစ်ပါတယ်။ ဒါကြောင့် အစိုးရဖွဲ့စည်းရေးမှာ အောက်လွှတ်တော်ဟာ အခရာကျပါတယ်။ ဩစတြေးလျ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အောက်လွှတ်တော်အမတ်တွေရဲ့ သက်တမ်းက သုံးနှစ်ဖြစ်ပြီး ဝန်ကြီးချုပ်ဟာ သုံးနှစ်မတိုင်မီ ရွေးကောက်ပွဲကိုစောပြီး ခေါ်ယူနိုင်ပါတယ်။ ဩစတြေးလျနိုင်ငံ နောက်ဆုံး ရွေးကောက်ပွဲကို ၂၀၂၂ ခုနှစ် မေလ ၂၁ ရက်နေ့က ကျင်းပပြုလုပ်ခဲ့တာဖြစ်ပါတယ်။ အဲဒီ ၂၀၂၂ ရွေးကောက်ပွဲမှာ အဲဒီကာလ ဝန်ကြီးချုပ် Scott Morrison ဦးဆောင်တဲ့ လစ်ဘရယ်/ အမျိုးသားရေး ညွန့်ပေါင်းပါတီဟာ Anthony Albanese ဦးဆောင်တဲ့ အတိုက်အခံလေဘာပါတီကို ရှုံးနိမ့်ခဲ့ပါတယ်။ အဲဒီ ၂၀၂၂ တုန်းက အောက်လွှတ်တော် ၁၅၁ နေရာ ယှဉ်ပြိုင်ခဲ့ကြတာမှာ လေဘာပါတီက ၇၇ နေရာနဲ့ လစ်ဘရယ်/ အမျိုးသား ညွန့်ပေါင်းပါတီက ၅၈ နေရာ အနိုင်ရခဲ့ပါတယ်။ အခု ၂၀၂၅ ရွေးကောက်ပွဲမှာ အောက်လွှတ်တော် ၁၅၁ နေရာ ယှဉ်ပြိုင်ခဲ့ရာမှာ ၂၀၂၅ ခုနှစ် မေလ ၄ ရက်နေ့ နောက်ဆုံး စာရင်းတွေအရ လေဘာပါတီက ၈၇ နေရာနဲ့ လစ်ဘရယ်/ အမျိုးသား ညွန့်ပေါင်းပါတီက နေရာ ၄၀ အနိုင်ရခဲ့ပါတယ်။ ဒါကြောင့် ၂၀၂၅ ဩစတြေးလျ ရွေးကောက်ပွဲတွေမှာ လေဘာပါတီက ပြတ်ပြတ်သားသား အများစုအနိုင်ရသွားတယ်လို့ မီဒီယာတွေက ညွှန်းဆိုကြတာဖြစ်ပါတယ်။

**နှိုင်းယှဉ်မှု အများအပြားပြုလုပ်ခဲ့**

အခု ဩစတြေးလျ ရွေးကောက်ပွဲတွေ မတိုင်မီ လေ့လာသူတွေက ဩစတြေးလျနိုင်ငံနဲ့ ကနေဒါနိုင်ငံတို့ကို နှိုင်းယှဉ်မှု အများအပြား ပြုလုပ်ခဲ့ကြပါတယ်။ ကနေဒါနိုင်ငံမှာလည်း ပြီးခဲ့တဲ့အပတ်ကမှ ရွေးကောက်ပွဲတွေ ကျင်းပပြုလုပ် ပြီးစီးသွားခဲ့တာ ဖြစ်ပါတယ်။ ကနေဒါရော၊ ဩစတြေးလျရော နယ်မြေရိယာ ကြီးမားကြပေမယ့် လူဦးရေက နည်းပါးကြပါတယ်။ ကနေဒါဟာ ကမ္ဘာ့ဒုတိယမြောက် အကြီးမားဆုံးနိုင်ငံဖြစ်ပြီး ဩစတြေးလျကတော့ ဆဋ္ဌမနေရာလိုက်ပါတယ်။ လူဦးရေဆိုရင်လည်း ကနေဒါက သန်း ၄၀ ခန့်ရှိပြီး ဩစတြေးလျက ၂၇ သန်းနီးပါးရှိပါတယ်။ ကနေဒါနဲ့ ဩစတြေးလျ နိုင်ငံတို့ဟာ ဗြိတိသျှ ဓနသဟာယ (Common-wealth of Nations) အဖွဲ့ဝင်နိုင်ငံတွေဖြစ်ကြပြီး ဗြိတိန်နိုင်ငံနဲ့ရော အမေရိကန်နိုင်ငံနဲ့ပါ ခိုင်မာတဲ့ စစ်ရေး၊ စီးပွားရေး၊ နိုင်ငံရေး ဆက်ဆံမှုတွေရှိပါတယ်။

အမေရိကန်၊ ဗြိတိန်၊ ဩစတြေးလျ၊ ကနေဒါနဲ့ နယူးဇီလန်နိုင်ငံတို့က အင်္ဂလိပ်စကားပြော မဟာမိတ်နိုင်ငံတွေ (the Anglosphere) ဖြစ်ကြပြီး The Five Eyes လို့ခေါ်တဲ့ အပြန်အလှန် သတင်းအချက်အလက်မျှဝေရေး မဟာမိတ်အဖွဲ့ဝင်နိုင်ငံတွေလည်း ဖြစ်ကြပါတယ်။ နောက်ထပ်တူညီမှုတစ်ခုက ကနေဒါနဲ့ ဩစတြေးလျတို့ဟာ တရုတ်နိုင်ငံနဲ့ စီးပွားရေးအရ ကြီးမားတဲ့ ကုန်သွယ်ဆက်ဆံမှုရှိသလို နိုင်ငံရေးအရ အပြန်အလှန် မယုံသင်္ကာမှု၊ တင်းမာမှုတွေလည်း ရှိပါတယ်။ နှစ်နိုင်ငံစလုံးမှာ တရုတ်လူမျိုး အများအပြား နိုင်ငံသားအဖြစ် မှီတင်းနေထိုင်ကြပြီး ကနေဒါမှာလိုပဲ ဩစတြေးလျမှာ တရုတ်တွေရဲ့မဲဟာ ရွေးကောက်ပွဲအပေါ် သက်ရောက်မှုကြီးမားပါတယ်။

ဩစတြေးလျရွေးကောက်ပွဲဟာ ကနေဒါ ရွေးကောက်ပွဲလိုပဲ အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်ရဲ့အရိပ်က ကြီးမားစွာတည်ရှိနေပါတယ်။ လေ့လာသူအများအပြားက ကနေဒါနဲ့ ဩစတြေးလျ ရွေးကောက်ပွဲတွေဟာ အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်အပေါ် အမေရိကန် ပြင်ပမဟာမိတ်နိုင်ငံတွေရဲ့ လူကြိုက်များမှုကို စမ်းသပ်ချက်တစ်ခုအနေနဲ့ ရှုမြင်ကြပါတယ်။ ဩစတြေးလျ ပြည်သူအများစုက ထရမ့်အပေါ် သိပ်အကောင်းမမြင်ကြတဲ့အတွက် ထရမ့်နဲ့ နီးစပ်တဲ့ နိုင်ငံရေးသမားတွေ၊ နိုင်ငံရေးပါတီတွေဟာ ရွေးကောက်ပွဲမှာ ထိခိုက်နိုင်တယ်လို့ တွက်ဆကြပါတယ်။ ကနေဒါမှာ အတိုက်အခံ ကနေဒါ ကွန်ဆာဗေးတစ်ပါတီဟာ ထရမ့်နဲ့ နီးစပ်တယ်လို့ ရှုမြင်ခြင်းခံရပါတယ်။ အာဏာရ ကနေဒါ လစ်ဘရယ်ပါတီက ထရမ့်ကို အကြီးအကျယ် ဆန့်ကျင်ဝေဖန်ပါတယ်။ ထရမ့် အာဏာမရခင် ခြောက်လလောက်က ရွေးကောက်ပွဲစစ်တမ်းတွေမှာ ကနေဒါ ကွန်ဆာဗေးတစ်တွေဟာ ရှေ့ကပြေးနေခဲ့ပေမယ့် ထရမ့်သမ္မတဖြစ်လာပြီးနောက်ရွေးကောက်ပွဲ စစ်တမ်းတွေမှာ ကွန်ဆာဗေးတစ်တွေအပေါ် လူထုထောက်ခံမှု ကျဆင်းသွားခဲ့ပါတယ်။

အမှန်တကယ် ရွေးကောက်ပွဲမှာလည်း လက်ယာယိမ်း ကနေဒါ ကွန်ဆာဗေးတစ်တွေဟာ လက်ဝဲယိမ်း ကနေဒါ လစ်ဘရယ်တွေကို ရှုံးနိမ့်ခဲ့ပါတယ်။ အခုလည်း ဩစတြေးလျမှာ ရွေးကောက်ပွဲမတိုင်မီ အခြေအနေတွေက ကနေဒါနဲ့ တစ်ပုံစံတည်းနီးပါး ဖြစ်နေပုံရပါတယ်။ ဩစတြေးလျမှာ အတိုက်အခံ ဩစတြေးလျ လစ်ဘရယ်/ အမျိုးသား ညွန့်ပေါင်းပါတီဟာ ထရမ့်နဲ့ နီးစပ်တယ်လို့ ရှုမြင်ခြင်းခံရပါတယ်။ အာဏာရ ဩစတြေးလျ လေဘာပါတီက ထရမ့်နဲ့ ခပ်လှမ်းလှမ်းမှာနေပါတယ်။ လွန်ခဲ့တဲ့ ခြောက်လလောက်က ရွေးကောက်ပွဲစစ်တမ်းတွေမှာ ဩစတြေးလျ လစ်ဘရယ်/ အမျိုးသား ညွန့်ပေါင်းတွေဟာ ရှေ့ကပြေးနေခဲ့ပေမယ့် ထရမ့်သမ္မတ ဖြစ်လာပြီးနောက် ရွေးကောက်ပွဲစစ်တမ်းတွေမှာ လစ်ဘရယ်/ အမျိုးသား ညွန့်ပေါင်းတွေအပေါ် လူထုထောက်ခံမှုကျဆင်းသွားခဲ့ပါတယ်။ အမှန်တကယ် ရွေးကောက်ပွဲမှာလည်း လက်ယာယိမ်း ဩစတြေးလျ လစ်ဘရယ်/ အမျိုးသား ညွန့်ပေါင်းတွေဟာ လက်ဝဲယိမ်း ဩစတြေးလျ လေဘာတွေကို ရှုံးနိမ့်ခဲ့ပါတယ်။

**ကာကွယ်ရေး၊ လုံခြုံရေးအယူအဆက ရှေ့ရောက်လာခဲ့**

ရွေးကောက်ပွဲမတိုင်မီ ဩစတြေးလျနိုင်ငံရေး ပါတီတွေဟာ ပြည်တွင်းရေးကိစ္စဖြစ်တဲ့ လူနေမှုစရိတ်ကြီးမြင့်နေတဲ့ ကိစ္စ၊ အိမ်ရာကိစ္စ၊ ကျန်းမာရေး စောင့်ရှောက်မှု၊ သဘာဝပတ်ဝန်းကျင် စတဲ့ကိစ္စတွေအပေါ် အလေးထားခဲ့ကြပေမယ့် ရွေးကောက်ပွဲနီးလာတဲ့အခါ ဩစတြေးလျနဲ့ နိုင်ငံတကာဆက်ဆံရေး၊ အထူးသဖြင့် အမေရိကန်သမ္မတ ထရမ့်နဲ့ ဘယ်လို ဆက်သွယ်ဆောင်ရွက်ရမလဲဆိုတဲ့ကိစ္စက ရှေ့ရောက်လာပုံရပါတယ်။ ဩစတြေးလျ မဲဆန္ဒရှင် အတော်များများကလည်း ဩစတြေးလျအဖို့ အမေရိကန်ကလွဲရင် အခြားအားကိုးရလောက်တဲ့ မဟာမိတ်မရှိဘူး။ ကနေဒါက သူ့အနားမှာ အမေရိကန်ရှိတယ်။ ဥရောပနိုင်ငံတွေက အိမ်နီးချင်းတွေရှိတယ်။ ဩစတြေးလျကျတော့ အနားမှာ ဘယ်သူမှမရှိဘူး။ အနီးဆုံးမှာရှိတဲ့ တရုတ်နိုင်ငံကလည်း အင်အားသိပ်ကြီးလာနေပြီ။ ဒါကြောင့် အမေရိကန်နဲ့ ဆက်ဆံရေးကောင်းမွန်ဖို့ လိုတယ်ဆိုတဲ့ ကာကွယ်ရေး၊ လုံခြုံရေးအယူအဆက ရှေ့ရောက်လာခဲ့ပါတယ်။ လစ်ဘရယ်/ အမျိုးသား ညွန့်ပေါင်းပါတီခေါင်းဆောင် Peter Dutton က သူနဲ့ ထရမ့်က တူညီမှုအချို့ရှိတယ်။ အရင် ထရမ့် ပထမသက်တမ်းတုန်းက ဩစတြေးလျအစိုးရ အဖွဲ့ဝင် ဝန်ကြီးအနေနဲ့ ထရမ့်နဲ့ဆုံဖူးတယ်၊ ဒါကြောင့် သူသာ ထရမ့်နဲ့ဆက်ဆံဖို့ အသင့်တော်ဆုံးသူဖြစ်တယ်ဆိုပြီး ရွေးကောက်ပွဲမတိုင်မီ မဲဆွယ်ပါတယ်။ ဒါကြောင့် ဩစတြေးလျရွေးကောက်ပွဲမတိုင်မီ အချို့လေ့လာသူတွေက နိုင်ငံရေးသမားတွေ ထရမ့်နဲ့ နီးစပ်ခြင်းက ကောင်းစေတာလား၊ ဆိုးစေတာလည်း ဝေခွဲမရဖြစ်ကြပါတယ်။ အခုတော့ ဩစတြေးလျ မဲဆန္ဒရှင်တွေက လေဘာပါတီကို မဲပေးခြင်းဖြင့် ပြတ်ပြတ်သားသား အဖြေပေးလိုက်ကြပြီဖြစ်ပါတယ်။

ယနေ့ ဩစတြေးလျနိုင်ငံဟာ ပြည်တွင်း၊ ပြည်ပ စိန်ခေါ်မှုများစွာနဲ့ ရင်ဆိုင်နေရတာဖြစ်ပါတယ်။ ပြည်တွင်း စိန်ခေါ်မှုတွေဖြစ်တဲ့ စီးပွားရေး မတည်ငြိမ်မှု၊ နေထိုင်မှုစရိတ်ကြီးမြင့်တဲ့ပြဿနာ၊ သဘာဝပတ်ဝန်းကျင်စတဲ့ ကိစ္စတွေဟာ အခြားနိုင်ငံတွေလည်း အနည်းနဲ့အများ ရင်ဆိုင်နေရတဲ့ ပြဿနာတွေ ဖြစ်ပါတယ်။ **စာမျက်နှာ ၁၁ သို့** ❐



မေ ၃ ရက်က ကျင်းပခဲ့သည့် ဩစတြေးလျနိုင်ငံ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးသူများကို တွေ့ရစဉ်။

**“လေဘာဝန်ကြီးချုပ် Anthony Albanese ဟာ ရွေးကောက်ပွဲမှာ အပြတ်အသတ် နိုင်သွားခဲ့တဲ့အတွက် ပြည်တွင်းမှာရော ပြည်ပမှာပါ ကျယ်ကျယ်ပြန့်ပြန့် ချီးကျူးခံနေရပါတယ်။ ဩစတြေးလျ လေဘာပါတီအောင်ပွဲသတင်းကို နိုင်ငံတကာ သတင်းမီဒီယာတွေမှာလည်း အဆက်မပြတ် ဖော်ပြနေကြပါတယ်။ Anthony Albanese ကတော့ သူ့ရဲ့ ရွေးကောက်ပွဲအောင်ပွဲခံမိန့်ခွန်းမှာ ယနေ့ကမ္ဘာကြီးရဲ့ မသေချာမရေရာမှုတွေအကြောင်း ထည့်သွင်းပြောဆိုသွားပြီး ဩစတြေးလျနိုင်ငံသားအားလုံးအတွက် မျှော်လင့်ချက်အသစ်၊ ယုံကြည်မှုအသစ်၊ သန္နိဋ္ဌာန်အသစ်အတွက် အလုပ်လုပ်သွားမယ်လို့ ပြောဆို”**

❒ စာမျက်နှာ ၁၀ မှ

အခြား အပြင်ကလာတဲ့ စိန်ခေါ်မှုတွေနဲ့ လူ့အခွင့်အရေးလို ပြဿနာတွေက ကိုင်တွယ်ဖို့ ပိုမိုခက်ခဲနိုင်ပါတယ်။ ဩစတြေးလျမှာ ကနေဒါလို အိမ်နီးချင်း အမေရိကန်နိုင်ငံရဲ့ အချုပ်အခြာ နယ်မြေပိုင်နက်အပေါ် ခြိမ်းခြောက်မှုမရှိပါဘူး။ အမေရိကန်နဲ့ ဩစတြေးလျက အဝေးကြီးဖြစ်ပါတယ်။ နယ်နိမိတ်ချင်းလည်း ထိစပ်မနေပါဘူး။ လက်ရှိအခြေအနေကို ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ ဩစတြေးလျအဖို့ အမေရိကန် အထူးသဖြင့် အမေရိကန်သမ္မတ ထရမ့်နဲ့ ဆက်ဆံရေး တည်ဆောက်ဖို့ဟာ အထူးအရေးကြီးပါတယ်။ သူ့မှာ လုံခြုံရေး၊ ကာကွယ်ရေးနဲ့ ပတ်သက်ရင် အရေးအကြောင်းဆို အားကိုးစရာက အမေရိကန်ပဲ ရှိပါတယ်။ ဩစတြေးလျအဖို့ အမေရိကန်ထက် နီးတဲ့ တရုတ်နိုင်ငံနဲ့ ဆက်ဆံရေးက စိန်ခေါ်မှုတစ်ခု ဖြစ်နေပါတယ်။ ပြီးခဲ့တဲ့လတွေက တရုတ်ရေတပ်က ဩစတြေးလျနဲ့ နယူးဇီလန်အကြား ပင်လယ်ပြင်မှာ အမြောက်ပစ်ဖောက် စစ်ရေးလေ့ကျင့်မှုပြုခဲ့တယ်ဆိုတဲ့သတင်းတွေလည်း ထွက်ပေါ်လာပါတယ်။ အခု ရွေးကောက်ပွဲမတိုင်မီ နောက်ဆုံးပတ်မှာ ဩစတြေးလျ လစ်ဘရယ်အမတ်လောင်း တစ်ယောက်က တရုတ်စပိုင်တွေဟာ သူ့ပြိုင်ဘက် လေဘာအမတ်လောင်းတွေကို လုပ်အားပေးအဖြစ် ကူညီနေတယ်လို့ပြောဆိုခဲ့လို့ ဩစတြေးလျ တရုတ်အသိုင်းအဝိုင်းအတွင်း ဂယက်ရိုက်ခဲ့ပါသေးတယ်။

လက်ရှိ လေဘာပါတီက ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီး Penny Wong ဟာလည်း တရုတ်သွေးပါသူဖြစ်ပါတယ်။ သို့သော် အခုလို ဩစတြေးလျ ရွေးကောက်ပွဲတွေမှာ တရုတ်နဲ့ စပိုင်ကိစ္စ ဆက်နွှယ်ပြောဆိုမှုတွေက အရင်ရွေးကောက်ပွဲတွေမှာလည်း ရှိခဲ့ဖူးပါတယ်။ ဩစတြေးလျဟာ တရုတ်ကို စောင့်ကြည့်ထိန်းချုပ်ဖို့ ဖွဲ့စည်းထားတယ်လို့ အများက ရှုမြင်ကြတဲ့ AUKUS, Quad နဲ့ The Five Eyes တို့ရဲ့ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါတယ်။ ဒါကြောင့် ဩစတြေးလျဟာ အစဉ်အလာ စစ်ရေး မဟာမိတ်ဖြစ်တဲ့ အမေရိကန်နဲ့ အကြီးမားဆုံးကုန်သွယ်ဖက် တရုတ်နိုင်ငံတို့အကြား နက်နဲသိမ်မွေ့လှတဲ့ နိုင်ငံတကာဆက်ဆံရေး စိန်ခေါ်မှုနဲ့ ရင်ဆိုင်နေရပါတယ်။

**လူဦးရေ လေးရာခိုင်နှုန်းနီးပါးဟာ မူရင်းဌာနေ တိုင်းရင်းသားအဆက်အနွယ်တွေဖြစ်**

လူ့အခွင့်အရေးနဲ့ ပတ်သက်ရင် အခု လေဘာ အစိုးရဟာ လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်စတာတွေကို ဦးစားပေးတယ်ဆိုပေမယ့် တစ်ဖက်မှာ မူရင်းဌာနေတိုင်းရင်းသားတွေ (Aboriginal and/or Torres Strait Islander people) ရဲ့ အခွင့်အရေးနဲ့ပတ်သက်ပြီး ဝေဖန်ခံနေရတာတွေလည်း ရှိနေပါတယ်။ တရားဝင် ကိန်းဂဏန်းအချက်အလက်တွေအရ ဩစတြေးလျ လူဦးရေလေးရာခိုင်နှုန်းနီးပါးဟာ မူရင်းဌာနေ တိုင်းရင်းသားအဆက်အနွယ်တွေဖြစ်တယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလ ၂၆ ရက်နေ့မှာ ကျရောက်တဲ့ ဩစတြေးလျနေ့ (Australia Day) မှာ ဩစတြေးလျနိုင်ငံတစ်ဝန်း မြို့ကြီးတွေမှာ သိန်းနဲ့ချီတဲ့ မူရင်းဌာနေ တိုင်းရင်းသားတွေနဲ့ ထောက်ခံသူတွေက ဩစတြေးလျနေ့ဟာ နယ်သစ်စွန့်စားရှာဖွေသူ လူဖြူတွေ ဩစတြေးလျကို ရောက်ရှိထူထောင်ခြင်းအတွက် အထိမ်းအမှတ်နေ့တစ်နေ့ဖြစ်တယ်။ အမှန်က အဲဒီနေ့ဟာ ဂုဏ်ယူစရာ ဩစတြေးလျနေ့ မဖြစ်သင့်ဘဲ မူရင်းဌာနေ တိုင်းရင်းသားတွေ ပျက်သုဉ်းခြင်းအတွက် အရှက်ရဖွယ် ကျူးကျော်ဝင်ရောက်ခြင်းနေ့ (Invasion Day) ဖြစ်တယ်ဆိုပြီး ချီတက်ဆန္ဒပြခဲ့ကြပါတယ်။

ဩစတြေးလျဟာ ပြည်တွင်း ဌာနေတိုင်းရင်းသားတွေရဲ့ အခွင့်အရေးအတွက် အဝေဖန်ခံနေရသလို ပြည်ပဒုက္ခသည်တွေ အခွင့်အရေးမှာလည်း ဝေဖန်ခံရမှုအချို့ရှိပါတယ်။ ဩစတြေးလျနိုင်ငံဟာ ၁၉၅၁ ကမ္ဘာ့ဒုက္ခသည်များဆိုင်ရာစာချုပ် (The 1951 Refugee Convention) နဲ့ သူ့ရဲ့ ၁၉၆၇ နောက်ဆက်တွဲစာချုပ် (1967 Protocol) ကို လက်မှတ်ရေးထိုးထားပေမယ့် စာချုပ်တွေမှာ ပြဋ္ဌာန်းထားတဲ့အတိုင်း သူ့ဆီ လှေစီးပြီး ရောက်လာတဲ့ ခိုလှုံခွင့်တောင်းခံသူတွေ၊ ဒုက္ခသည်တွေကို လက်မခံဘဲ အနားရှိ နအူရူးကျွန်းနိုင်ငံ (Nauru) နဲ့ ပါပူဝါနယူးဂီနီနိုင်ငံ မန်းနပ်စ်ကျွန်း (Manus) တွေမှာ ထိန်းသိမ်းရေးစခန်းတွေ ဖွင့်လှစ်ထားရှိပြီး ခိုလှုံခွင့်တောင်းခံသူတွေကို ထိန်းသိမ်းထားရှိတဲ့အတွက် လူ့အခွင့်အရေးစောင့်ကြည့်သူတွေရဲ့ ကျယ်ကျယ်ပြန့်ပြန့် ပြစ်တင်ဝေဖန်ခြင်းကို ခံရပါတယ်။

**အောင်ပွဲခံမိန့်ခွန်း**

အခုဆို လေဘာဝန်ကြီးချုပ် Anthony Albanese ဟာ ရွေးကောက်ပွဲမှာ အပြတ်အသတ် နိုင်သွားခဲ့တဲ့အတွက် ပြည်တွင်းမှာရော ပြည်ပမှာပါ ကျယ်ကျယ်ပြန့်ပြန့် ချီးကျူးခံနေရပါတယ်။ ဩစတြေးလျ လေဘာပါတီ အောင်ပွဲသတင်းကို နိုင်ငံတကာ သတင်းမီဒီယာတွေမှာလည်း အဆက်မပြတ် ဖော်ပြနေကြပါတယ်။ Anthony Albanese ကတော့ သူ့ရဲ့ရွေးကောက်ပွဲ အောင်ပွဲခံမိန့်ခွန်းမှာ ယနေ့ ကမ္ဘာကြီးရဲ့ မသေချာမရေရာမှုတွေအကြောင်း ထည့်သွင်းပြောဆိုသွားပြီး ဩစတြေးလျနိုင်ငံသားအားလုံးအတွက် မျှော်လင့်ချက်အသစ်၊ ယုံကြည်မှုအသစ်၊ သန္နိဋ္ဌာန်အသစ်အတွက် အလုပ်လုပ်သွားမယ်လို့ ပြောဆိုလိုက်ပါတယ်။

တစ်ချိန်တည်းမှာ ရွေးကောက်ပွဲမတိုင်မီလအနည်းငယ်အလို စစ်တမ်းအချို့မှာ အနိုင်ရမယ်လို့ ထင်ကြေးပေးခံရပြီးမှ မရှုမလှအရေးနိမ့်ခဲ့ရတဲ့ ဩစတြေးလျ လစ်ဘရယ်/ အမျိုးသား ညွန့်ပေါင်းပါတီရဲ့ အမှားအယွင်းတွေကိုလည်း သုံးသပ်ဖော်ပြနေကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အများလေ့လာစောင့်ကြည့်ခဲ့ကြတဲ့ ဩစတြေးလျရွေးကောက်ပွဲကြီးကတော့ ပြီးဆုံးသွားပါပြီ။ ။

❍ စာမျက်နှာ ၉ မှ

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ မင်းရပ်ရပ်ကွက်ရှိ ဆင်ဖြူတော်ဝပ်ကျောင်းတိုက်၌ စုကြီးရပ်ကွက် အန္တရာယ်ရှိ နယ်မြေမှ ပြောင်းရွှေ့သီတင်းသုံး နေတော်မူသော သံဃာတော်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အများပြည်သူ အန္တရာယ်ကင်းရှင်းရေးအတွက် နိုင်ငံတော်အဆင့် ပြင်ဆင်မွမ်းမံနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း လျှောက်ထားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**သွားရောက်ကြည့်ရှု**

ထို့နောက် ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက် ရေနားကျောင်းတိုက်ရှိ ဖြိုဖျက်ပြီးအဆောက်အအုံများအား တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် ကျောက်ဆည်မြို့ မင်းရပ်ရပ်ကွက်ရှိ စိုက်ပျိုးရေးသုတေသနခြံ၌ ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လျှောင်ဒဏ်သင့် ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုပြီး လျှောင်ဒဏ်သင့်ပြည်သူများကို အားပေးစကားပြောကြားကာ အဆောက်အအုံများပြန်လည်တည်ဆောက်ရာတွင် နားလည်တတ်ကျွမ်းသူများနှင့် တိုင်ပင်၍ လျှောင်ဒဏ် အင်အားရစ်(ချ်)တာစကေး ၈ အဆင့်အထိ ခံနိုင်သည့် အဆောက်အအုံများ တည်ဆောက်သွားရန် လိုအပ်ကြောင်း၊ အဆောက်အအုံများ တည်ဆောက်ရာတွင် လိုအပ်သော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ စက်ရုံထုတ် အထူးဈေးနှုန်းများဖြင့် ရောင်းချပေးလျက် ရှိကြောင်း၊ သီးခြားလိုအပ်ချက်များ၊ အခက်အခဲများကိုလည်း ရပ်/ ကျေးအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ သတင်းပို့တင်ပြသွားနိုင်ကြောင်း မှာကြားခဲ့ပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောက်ဆည်ခရိုင်အတွင်းရှိ လျှောင်ဘေးသင့်ပြည်သူများအတွက် ပျက်စီးသွားသော အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ပြည်သူများလက်ဝယ်သို့ တိုက်ရိုက် ဆက်လက်ရောင်းချပေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး မြို့မိမြို့ဖများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ညှိနှိုင်းဆောင်ရွက်**

ဆက်လက်၍ စဉ့်ကိုင်မြို့နယ်ရှိ Royal-D အားဖြည့်အချိုရည်စက်ရုံသို့ သွားရောက်၍ လုပ်ငန်းများ ပြန်လည်လည်ပတ်နေမှု အခြေအနေများနှင့် ရေဆိုးစနစ် စွန့်ပစ်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး ထိန်းသိမ်းဆောင်ရွက်သွားရန်မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် စဉ့်ကိုင်မြို့နယ်ရှိ KT အစာတောင့်စက်ရုံနှင့် ဗီဂါပလတ်စတစ်စက်ရုံတို့သို့ သွားရောက်၍ လျှောင်လှုပ်ခတ်မှုကြောင့် လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်ခြင်း၊ အဆောက်အအုံများ ပျက်စီးခြင်း၊ စက်ပစ္စည်းများ ချို့ယွင်းခြင်းတို့ ဖြစ်ပေါ်ခဲ့၍ လုပ်ငန်းများ ရပ်တန့်ခဲ့ရာမှ ပြုပြင်ပြီးစီး၍ လုပ်ငန်းများ ပြန်လည် လည်ပတ်နေမှုအခြေအနေများကို သွားရောက်စစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## MNL ယူ-၂၁ လူငယ်လိဂ်တွင် ရောဝတီယူနိုက်တက်အသင်း နိုင်ပွဲစတင်ရရှိ

**ရန်ကုန် မေ ၆**

MNL ယူ-၂၁ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၂) ပထမနေ့ကို မေ ၆ ရက်က ဗဟန်း မြက်ခင်းတုကွင်း၌ကျင်းပရာ ရောဝတီယူနိုက်တက်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရာသီအဖွင့်ပွဲတွင် နိုင်ပွဲပျောက်ဆုံးခဲ့သည့် နှစ်သင်းတွေ့ဆုံခြင်းဖြစ်ပြီး ရောဝတီယူနိုက်တက်အသင်းက ပထမဆုံးနိုင်ပွဲ ရယူနိုင်ခဲ့သည်။ အဖွင့်ပွဲတွင် အရေးနိမ့်ထားသည့် ဟံသာဝတီယူနိုက်တက်အသင်း အမှတ်ရရန် ကြိုးပမ်းသော်လည်း နှစ်ပွဲဆက် အရှုံးနှင့် ရင်ဆိုင်ခဲ့ရသည်။ ရောဝတီယူနိုက်တက်အသင်းအတွက် ဂိုးများကို ၁၁ မိနစ်တွင် သက်နိုင်ဦး၊ ၄၄ မိနစ်တွင် မျိုးမင်းခန့်၊ ၅၆ မိနစ်တွင် အောင်ချစ်တို့က သွင်းယူပြီး ဟံသာဝတီအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၆၁ မိနစ်တွင် အောင်ဇော်ဦးက သွင်းယူခဲ့သည်။

ပွဲစဉ် (၂) ဒုတိယနေ့ကို မေ ၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး တောင်ဒဂုံကွင်း၌ သစ္စာအားမာန်အသင်းနှင့် ရာမညယူနိုက်တက်အသင်း၊ ပဒုမ္မာကွင်း၌ အား/ ကာသိပွံအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် Falcon အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ကိုညီလေး**

# ရွှေတိဂုံစေတီတော်မြတ်ကြီး (၅၉၄)ကြိမ်မြောက် ထုတိအနုမောဒနာချီးကျူးဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲနှင့်လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ

**ရန်ကုန် မေ ၆**

ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ စေတနာသဒ္ဓါတရားထက်သန်စွာ လှူဒါန်းထားကြသော ငွေကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များအား ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က (၅၉၄)ကြိမ်မြောက် ထုတိအနုမောဒနာ ချီးကျူးဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် တောင်ဘက်မုခ်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

**ပြန်လည်ပေးအပ်**

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အလှူရှင်များက အလှူတော်ငွေများ ပေးအပ်လှူဒါန်းရာ အလှည့်ကျသဘာပတိ ဦးအောင်ဇေယျလင်းနှင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ထုတိအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ စမ်းချောင်းမြို့နယ် နေနတ်သား စာသင်တိုက်ဆရာတော်ဘဒ္ဒန္တသုစိတ္တထံမှတက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကြပြီး ရေစက်ချ အနုမောဒနာတရား နာယူကြသည်။

ယနေ့ကျင်းပသော အလှူငွေပေးအပ်ပွဲလှူဒါန်းပွဲတွင် ၂၀၂၅ ခုနှစ် မတ် ၁ ရက်မှ ၃၁ ရက်အထိ ရွှေသင်္ကန်းတော် ရွှေပြားအလှူရှင် ၅၂၆ ဦးက ခြောက်ကျပ်သား ရွှေပြား ၅၂ ချပ်နှင့် တစ်ကျပ်သား ရွှေပြား ၆၅၉ ချပ် စုစုပေါင်း ရွှေစင်ရွှေပြားအချပ် ၇၁၁ ချပ် လှူဒါန်းခဲ့ပြီး ငွေသားအလှူရှင် ၂၀၅ ဦး အပါအဝင် လှူဒါန်းငွေ စုစုပေါင်း ၇၅၈၈၇၁၇၇၆၉ ကျပ် (သိန်းပေါင်း ခုနစ်သောင်းငါးထောင်ရှစ်ရာရှစ်ဆယ့်ခုနစ်သိန်းတစ်သောင်းခုနစ်ထောင့်ခုနစ်ရာခြောက်ဆယ့်ကိုးကျပ်တိတိ) ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# ၂၀၂၅ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော် မေ ၆**

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ် မောင်မယ်များကို နွေရာသီ ကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာ ကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်း လူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်း လူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းဖွင့်ပွဲများကို ဧပြီ ၂၂ ရက်တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့် သင်ကြားပေးလျက်ရှိသည်။

**လေ့ကျင့်သင်ကြားပေးလျက်ရှိ**

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် ရေတပ်ဆက်သွယ်ရေးဘာသာရပ်၌ ပါဝင်သည့် သင်ခန်းစာများအား သင်ကြားခြင်း၊ လှေလှော်ခြင်းနှင့် ရွက်တိုက်ခြင်းတို့ကို ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့ရှိ ရေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၃၀၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ ရေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၆၅ ဦး၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၆၀၊ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၅၀၊ ကရင်ပြည်နယ် ဘားအံမြို့ရှိ ရေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၁၄၀ တို့ကို သက်ဆိုင်ရာနယ်မြေအသီးသီး၌ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး တပ်မတော်(ရေ) ရေကြောင်းလူငယ်သင်တန်းစခန်း ၁၁ ခု၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၀၀ တို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အလားတူ တပ်မတော်(လေ)က အခြေခံလေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅) သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၁၅ ခုတွင် စုစုပေါင်းသင်တန်းသား ၈၀၄ ဦးဖြင့် ဖွင့်လှစ်သင်ကြားလျက်ရှိရာ မိတ္ထီလာမြို့ရှိ မြန်မာပြည်မြောက်ပိုင်း သင်တန်းစခန်းမှ သင်တန်းသား ၅၀၊ မိတ္ထီလာသင်တန်းစခန်းမှ သင်တန်းသား ၄၈ ဦး၊ ရန်ကုန်မြို့ရှိ ရန်ကုန်သင်တန်းစခန်းမှ သင်တန်းသား ၆၅ ဦး၊ တောင်ကြီးမြို့ရှိ တောင်ကြီးသင်တန်းစခန်းမှ သင်တန်းသား ၅၇ ဦး၊ မကွေးမြို့ရှိမကွေးသင်တန်းစခန်းမှ သင်တန်းသား ၅၃ ဦး၊ ကျိုင်းတုံမြို့ရှိ ကျိုင်းတုံသင်တန်းစခန်းမှ သင်တန်းသား ၅၂ ဦးနှင့် မှော်ဘီမြို့ရှိ မြန်မာပြည်တောင်ပိုင်း သင်တန်းစခန်းမှ သင်တန်းသား ၆၁ ဦးအား အခြေခံစစ်ရေးပြဘာသာရပ်၊ လေကြောင်းပညာသမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရားဘာသာရပ်၊ လေကြောင်းဆိုင်ရာ အခြေခံဗဟုသုတများ ဘာသာရပ်၊ Airfield Procedure ဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းနှင့် ဓာတိသွေး ဓာတိမာန် ဘာသာရပ်၊ RC လေယာဉ်/ ရဟတ်ယာဉ် မောင်းနှင်ခြင်း ဘာသာရပ်၊ RC Simulator နှင့် Flight Simulator မောင်းနှင်ခြင်း ဘာသာရပ်များကို လေ့ကျင့်သင်ကြား ပေးလျက်ရှိပြီး ကျန်သင်တန်းစခန်း အသီးသီးတွင်လည်း ဆက်လက်လေ့ကျင့်သင်ကြား ပို့ချပေးလျက်ရှိသည်။

ထို့ပြင် တပ်မတော်(လေ)၏ နေ့စဉ် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းဆောင်တာများကို သိရှိနားလည်စေရန်အတွက် လေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းများရှိ ပျံသန်းရေးအုပ်များ၊ ပြုပြင်ထိန်းသိမ်းရေးအလုပ်ရုံများသို့ သွားရောက်၍ လက်တွေ့ကွင်းဆင်းလေ့လာခြင်းများလည်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်




ရေကြောင်းလူငယ်များ လေ့ကျင့်သင်ကြားလျက်ရှိသည်ကို တွေ့ရစဉ်။



လေကြောင်းလူငယ်များ လေ့ကျင့်သင်ကြားလျက်ရှိသည်ကို တွေ့ရစဉ်။

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# အစ္စရေးထံမှ လက်နက်ကိုင်ပဋိပက္ခအား အဆုံးသတ်မည်ဟု ကတိကဝတ်မရမချင်း စေ့စပ်ဆွေးနွေးမည်မဟုတ်ဟု ဟားမတ်စ်ပြောကြား

ဂျေရုဆလင် မေ ၆

ဂါဇာဒေသတွင် လက်ရှိဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခအား အဆုံးသတ်စေမည်ဟု အစ္စရေးထံမှ ခိုင်မာသည့်ကတိကဝတ်ကို မရမချင်း စေ့စပ်ဆွေးနွေးခြင်းနှင့် အကျဉ်းသားလဲလှယ်ခြင်းတို့ကို ဟားမတ်စ်အဖွဲ့က ဆောင်ရွက်မည်မဟုတ်ဟု ဟားမတ်စ် တာဝန်ရှိသူတစ်ဦးက ယနေ့ပြောကြားသည်။

အစ္စရေးအနေဖြင့် ဂါဇာဒေသတွင် ယာယီအပစ်အခတ်ရပ်စဲရေးရရှိရေးအတွက် ဟားမတ်စ်အဖွဲ့အား ဖိအားပေးနေကြောင်းနှင့် ထာဝရအပစ်အခတ်ရပ်စဲရေးကို မရည်ရွယ်သည့် ၎င်းဆောင်ရွက်ချက်ကို မိမိတို့လက်မခံကြောင်း ၎င်းက ပြောကြားသည်။

အစ္စရေးဘက်မှ ယာယီအပစ်အခတ်ရပ်စဲရေးကို ဟန်ပြဆောင်ရွက်ပြီး မကြာမီပြန်လည်တိုက်ခိုက်လာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

၎င်းလက်နက်ကိုင်ပဋိပက္ခအဆုံးသတ်စေမည်ဟူသော ကတိကဝတ်မပါသည့် ယာယီအပစ်အခတ်ရပ်စဲရေးကို မိမိတို့လက်မခံကြောင်း ၎င်းက ပြောကြားသည်။ အစ္စရေးတပ်မတော်သည် ဂါဇာဒေသခံများအား အငတ်ဘေးဆိုက်ရောက်စေခြင်းကို လက်နက်အဖြစ်သုံးစွဲနေကြောင်း ၎င်းက ပြောကြားသည်။

အစ္စရေးအစိုးရသည် ဂါဇာဒေသတွင် ထိုးစစ်များပြန်လည်ဆင်နွှဲမည့် အစီအစဉ်ကို အတည်ပြုခဲ့ကြောင်း ဝန်ကြီးချုပ်နေတန်ယာဟုက ပြောကြားသည်။ ထိုသို့ဆောင်ရွက်ရခြင်းမှာ ဟားမတ်စ်အဖွဲ့ကို ချေမှုန်းရန်နှင့် ဓားစာခံများလွတ်မြောက်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**



# ယီမင်နိုင်ငံအား အစ္စရေးက လေကြောင်းမှ တိုက်ခိုက်

ဆာနာ မေ ၆

ယီမင်နိုင်ငံမြို့တော် ဆာနာနှင့် မြောက်ပိုင်းခရိုင် အမ်ရန်ကို အစ္စရေး တပ်မတော်က လေကြောင်းမှ ယနေ့တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

တိုက်ခိုက်မှုအပြီးတွင် မြို့တော် ဆာနာနှင့် အမ်ရန်ခရိုင်တို့တွင် အနက်ရောင်မီးခိုးများ ထူထပ်စွာတက်လာသည်ကို တွေ့မြင်ရကြောင်း ဒေသခံမျက်မြင်သက်သေများက ပြောသည်။ ဆာနာတွင် တိုက်ခိုက်မှုများသည် ဆာနာ အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ဓာတ်အားပေး စက်ရုံနှင့် စစ်ဘက်နေရာနှစ်ခုကို ထိမှန်ခဲ့သည်။

မြို့တော်၏ မြောက်ဘက်ကီလိုမီတာ ၆၀ ခန့်အကွာ အမ်ရမ်ခရိုင်တွင်လည်း အစ္စရေး၏ လေကြောင်း တိုက်ခိုက်မှုများက ကွန်ကရစ်စက်ရုံတစ်ရုံကို ပစ်မှတ်ထားခဲ့ကြောင်း သိရသည်။

ဆာနာလေဆိပ်ကို အသုံးပြု၍မရတော့ကြောင်း အစ္စရေး တပ်မတော်က အတည်ပြုခဲ့သည်။

၎င်းတိုက်ခိုက်မှုမဖြစ်မီ မိနစ်ပိုင်းအလိုတွင် အစ္စရေးတပ်မတော်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဆိုရှယ်မီဒီယာ ပလပ်ဖောင်းအိတ်စ်တွင် သတိပေးချက်ထုတ်ပြန်ခဲ့ပြီး ယင်းဒေသရှိ အရပ်သားများကို ချက်ချင်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် တိုက်တွန်းခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



# လာအိုနိုင်ငံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ မြှင့်တင်ရေးဆောင်ရွက်

ဗီယင်ကျန်း မေ ၆

လာအိုနိုင်ငံတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မြှင့်တင်ရန်နှင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များအရ ဖြစ်ပွားလာမည့် ရောဂါဖြစ်ပွားမှုဆိုင်ရာ အကျိုးသက်ရောက်မှုများကို ကာကွယ်ရေးအတွက် လာအိုကျန်းမာရေးဝန်ကြီးဌာနက မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အစိမ်းရောင်ရာသီဥတုဆိုင်ရာ ရန်ပုံငွေဖြင့် မတည်ဆောင်ရွက်မည့် အထက်ပါအစီအစဉ်သည် ငါးနှစ်သက်တမ်းရှိပြီး နိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များအရ ဖြစ်ပွားလာမည့် ရောဂါများကို ကြိုတင်ကာကွယ်ရေးအစီအစဉ်များကို ဆောင်ရွက်မည်ဖြစ်ကြောင်း လာအိုသတင်းအေဂျင်စီက ယနေ့တွင် ပြောကြားသည်။

၎င်းအစီအစဉ်အရ လန်ပရာဗန်၊ လန်နန်သာ၊ ဖောင်စလီ၊ အော်ဒိုမေဆီ၊ ဆာလီဗန်၊ ခိုမိုအန်နှင့် ဆီကောင်အစရှိသည့် ပြည်နယ်ခုနစ်ခုရှိ ခရိုင် ၂၅ ခုတွင် ကျန်းမာရေးဌာန ၁၀၀ ကို ထားရှိမည်ဖြစ်ကာ ကျန်းမာရေးဝန်ထမ်းများအား ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များအရ ဖြစ်ပွားသည့် ရောဂါများကုသရေးအတွက် သင်တန်းများဖွင့်လှစ်မည်ဖြစ်ကာ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်မည်ဟု သိရသည်။

ယခုဆောင်ရွက်မည့်အစီအစဉ်တွင် ကျေးလက်ဒေသရှိ ဒေသခံ ၂ ဒသမ ၃ သန်းအား ကျန်းမာရေးစောင့်ရှောက်မှုပေးမည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။ လာအိုနိုင်ငံတွင် အပူချိန်မြင့်တက်ခြင်း၊ သဘာဝဘေးများကျရောက်ခြင်းနှင့် လေထုညစ်ညမ်းမှုများဖြစ်ပွားခြင်းတို့ကြောင့် ငှက်ဖျားနှင့်ဝမ်းပျက်ဝမ်းလျှောရောဂါကဲ့သို့သော ရောဂါများ ကူးစက်မှုများပြားနေကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၅-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၈၅ | ၂၉၉၅ | ၂၉၆၅ | ၂၉၀၀ | ၃၀၀၅ | ၃၀၂၀ | ၃၀၃၅ | ၂၉၅၅ | ၄၅၀၅ | ၃၂၅၀ | ၂၉၇၀ | ၂၉၇၅ | ၃၀၄၅ | ၃၀၁၀ | ၃၀၃၀ | ၃၂၈၅ |
| 95 Ron | ၂၉၄၀ | ၃၀၅၅ | ၃၀၂၀ | ၂၉၅၅ | ၃၀၆၀ | ၃၀၇၅ | ၃၀၉၀ | ၃၀၁၀ | ၄၅၆၀ | ၃၃၀၅ | ၃၀၃၀ | ၃၀၃၀ | ၃၁၀၀ | ၃၀၆၅ | ၃၀၈၅ | ၃၃၄၅ |
| HSD (500 ppm) | ၂၄၇၀ | ၂၅၈၅ | ၂၅၅၀ | ၂၄၈၅ | ၂၅၉၀ | ၂၆၀၅ | ၂၆၂၅ | ၂၅၄၀ | - | ၂၈၃၅ | ၂၅၆၀ | ၂၅၆၀ | ၂၆၃၀ | ၂၅၉၅ | ၂၆၂၀ | ၂၈၇၅ |
| HSD (50 ppm) | ၃၀၅၅ | ၃၁၆၅ | ၃၁၃၀ | ၃၀၆၅ | ၃၁၇၀ | ၃၁၉၀ | ၃၂၀၅ | ၃၁၂၅ | ၄၈၃၀ | ၃၄၁၅ | ၃၁၄၀ | ၃၁၄၀ | ၃၂၁၀ | ၃၁၇၅ | ၃၂၀၀ | ၃၄၅၅ |
| HSD (10 ppm) | ၃၀၅၅ | ၃၁၆၅ | ၃၁၃၀ | ၃၀၆၅ | ၃၁၇၀ | ၃၁၉၀ | ၃၂၀၅ | ၃၁၂၅ | - | ၃၄၁၅ | ၃၁၄၀ | ၃၁၄၀ | ၃၂၁၀ | ၃၁၇၅ | ၃၂၀၀ | ၃၄၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၁၈ | ၂၈၀၆ |
| 95 Ron | ၂၇၇၃ | ၂၈၆၂ |
| HSD (500 ppm) | ၂၃၁၈ | ၂၃၉၄ |
| HSD (50 ppm) | ၂၈၀၂ | ၂၉၆၉ |
| HSD (10 ppm) | ၂၈၀၂ | ၂၉၆၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**○ မြန်မာအမျိုးသမီးလိဂ်မှ**

သုံးပွဲတွင် တစ်မှတ်သာရယူနိုင်ခဲ့သည့် ရှမ်းယူနိုက်တက်အသင်းသည် လေးပွဲမြောက်ပွဲတွင် YREO အသင်းကို ဂိုးပြတ်သွင်းပြီး ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၁၃ မိနစ်တွင် ယုယုနိုင်၊ ၁၅၊ ၂၅ မိနစ်တွင် ရူပါခိုင်၊ ၃၅၊ ၄၇ မိနစ်တွင် နန်းဖြူဖြူသွယ်တို့က သွင်းယူသည်။ ယခုပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက လေးပွဲကစား လေးမှတ်၊ YREO အသင်းက သုံးပွဲကစား သုံးမှတ်ရရှိထားသည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက Young Lionesses အသင်းကို ရှစ်ဂိုးပြတ်အနိုင်ရခဲ့သည်။ ခြောက်မှတ်စီရထားသည့် နှစ်သင်းထိပ်တိုက်တွေ့ဆုံခြင်းဖြစ်ပြီး ရန်ကုန်ယူနိုက်တက်အသင်းက သုံးပွဲဆက်တိုက် နိုင်ပွဲရယူနိုင်ခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၁၅၊ ၂၄၊ ၄၀၊ ၇၁ မိနစ်တွင် ဇင်မိုးပြည့်၊ ၁၆ မိနစ်တွင် စုစုကြည်၊ ၄၉ မိနစ်တွင် ယွန်းဝတီလှိုင်၊ ၇၉ မိနစ်တွင် ဆွေမာအောင်၊ ၈၇ မိနစ်တွင် ချမ်းမြေ့ထွန်းတို့က သွင်းယူသည်။ ယခုပွဲအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက လေးပွဲကစား ကိုးမှတ်၊ Young Lionesses အသင်းက လေးပွဲကစား ခြောက်မှတ်ရရှိထားသည်။

ပဒုမ္မာကွင်း၌ကျင်းပသည့်ပွဲတွင် ရှေဝတီအသင်းက ရန်ကုန်ရှိုင်ရယ်အသင်းကို ငါးဂိုးပြတ်အနိုင်ရခဲ့သည်။ ဇယားထိပ်ဆုံးတွင် ဦးဆောင်နေသည့် ရှေဝတီအသင်းသည် အသင်းသစ် ရန်ကုန်ရှိုင်ရယ်အသင်းကို ဂိုးပြတ်သွင်းပြီး နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့သည်။ ရှေဝတီအသင်းသည် ပထမပိုင်းမှာပင် သုံးဂိုးပြတ်အနိုင်ရနေပြီး အနိုင်ဂိုးများကို ၃၊ ၇၀ မိနစ်တွင် လဲ့လဲ့လှိုင်၊ ၂၄ မိနစ်တွင် ဇာခါရိုစီ၊ ၂၅ မိနစ်တွင် စန်းသော်သော်၊ ၈၅ မိနစ်တွင် ဖြူဖြူဝင်းတို့က သွင်းယူသည်။ ယခုပွဲအပြီးတွင် ရှေဝတီအသင်းက လေးပွဲကစား ၁၀ မှတ်ရထားပြီး ရန်ကုန်ရှိုင်ရယ်အသင်းမှာမူ သုံးပွဲကစား အမှတ်မရသေးပေ။

ပွဲစဉ်(၄) ဒုတိယနေ့ကို မေ ၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏလေ့ကျင့်ရေးကွင်း(၁)၌ သစ္စာအားမာန်အသင်းနှင့် လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ကိုညီလေး**

# တရားမဝင်လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မေ ၄ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဟိုပုံးတပ်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ တာချီလိတ်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသည့် ယာဉ် ၁၀ စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၃၅ မျိုး၊ လူသုံးကုန်ပစ္စည်း ၂၆ မျိုး၊ စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေ၂၈၅၈၃၇၉၈၇ ကျပ် )နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck ငါးစီး၊ Hino Profia Truck သုံးစီး၊ Isuzu Giga Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀၀) ကိုလည်းကောင်း၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၇၈၅၈၃၇၉၈၇ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၅ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးဘေး၊ ရပ်ကွက်(၄)ရှိ ကုန်လှောင်ရုံ တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့နယ် ကျိုက်မရော ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၉၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး၊ Nissan Condor Turck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၉၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၊ (၀)မိုင်နှင့် (၂၆/၄)မိုင်ကြား၌ ယာဉ်လေးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၄၅ မျိုး၊ လူသုံးကုန်ပစ္စည်း နှစ်မျိုး၊ စားသောက်ကုန်ပစ္စည်း ၁၅ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၄၂၇၁၄၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yu Tong Bus နှစ်စီး၊ King Long Bus တစ်စီး၊ Kan Baw Za Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀၀)စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၅၄၂၇၁၄၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးမြို့ရှောင်လမ်းဆုံ Brother ဆီဆိုင်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၂၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၄ ရက်နှင့် ၅ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၄၂ မှု (ခန့်မှန်းတန်ဖိုးငွေ ၁၃၈၂၄၁၅၁၂၇ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားအထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်




နှင်းပုလဲနှင့် တောင်စွန်းဘူတာအကြား ရထားတံတားအမှတ်(၆၅)၏ ပျက်စီးမှုများအား ပြန်လည်ပြုပြင်နေစဉ်။

✻ ကျောဖုံးမှ

အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်း စစ်ဆေးဆောင်ရွက်ခဲ့ရာ မိုင်းခွဲခံရမှုကြောင့် တံတား၏ သံပေါင်နှစ်ခု ပြုတ်ကျခြင်း၊ ရေလယ်တိုင်တစ်တိုင်နှင့် တံတားဇလီဖားတုံးအချို့ ပျက်စီးခြင်းတို့အပြင် အခင်းဖြစ်ပွားရာနေရာအနီး မပေါက်ကွဲသေးသည့် လက်လုပ်မိုင်းတစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို တံတားပေါ်တွင် ထပ်မံတွေ့ရှိရသည်။

အဆိုပါ မိုင်းပေါက်ကွဲမှုကြောင့် ရန်ကုန်-မော်လမြိုင်-ရန်ကုန် ပြေးဆွဲနေသော အမှတ်(၈၁) အဆန်/အမှတ်(၈၂) အစုန် လူစီးရထားများကို ယာယီရပ်နားခဲ့ရပြီး လက်မှတ်ဝယ်ယူထားရှိသည့် ခရီးသည်များအား လက်မှတ်ခများကို ပြန်လည်ပေးအပ်၍ မြန်မာ့မီးရထား ဝန်ထမ်းများအနေဖြင့် ရထားလမ်းပိုင်းကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ပျက်စီးသွားသည့် တံတားနှင့် သံလမ်းအား အမြန်ဆုံးပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အကြမ်းဖက် သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်း ၈၁ ကြိမ်၊ ရထားတံတား/ သံလမ်းများကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်း ၁၇၆ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း ၁၆ ကြိမ် ကျူးလွန်ခဲ့ကြသည်။

အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင်ရထားစက်ခေါင်းနှင့် တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီး ခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့် ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံး ချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှု မရှိစေရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ အကြိမ်ကြိမ် ကျူးလွန်ဖျက်ဆီးနေကြခြင်းဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူ ခရီးသွားလာမှု နှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့ မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးနှင့် ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက် အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၇-၅-၂၀၂၅ ဗုဒ္ဓဟူးနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ တောရှုံ့သုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ နိုင်ငံ့အကျိုးအတွက်မှန်းမျှော်ရည် ခိုင်မာတိုးတက်စေရမည်(Video Clip)
- ၀၉:၁၀ စိုက်ပျိုးရေးရာအဖြာဖြာ
- ၀၉:၄၀ သာယာလှပ ဇင်းကျိုက်ရေတံခွန်အလှ
- ၁၁:၁၀ ကမ္ဘာတစ်လွှား အနုပညာသတင်းများ
- ၁၁:၃၅ ရှုပွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၂၃)
- ၁၃:၁၀ သီချင်းကြိုးဝိုင်းဒေသာ
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လှုပ္ပစ်းကောင်းများခေတ်' (အပိုင်း-၁၅)
- ၁၅:၃၀ Weekly Soccer Preview
- ၁၆:၄၀ မျိုးဝှက်တင့်စေ ဆိုကရေးတီးအမွေ
- ၁၇:၀၅ ရှေ့သို့ချီမည် ပန်းတိုင်ဆီ
- ၁၇:၃၅ NEXT LEVEL
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ ဆုတောင်းမေတ္တာ တေးကမ္ဘာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်တးပွဲ' (အပိုင်း-၅)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၁၀ ဆုတောင်းမေတ္တာ တေးကမ္ဘာ
- ၂၁:၃၀ (၃၀)ဗြာမဂ်လာ 'သီပွဲ' (အပြစ်ကင်းသော နှုတ်မူလက်မှုပညာတို့တတ်မြောက်ကျွမ်းခြင်း)
- ၂၂:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လှုပ္ပစ်းကောင်းများခေတ်' (အပိုင်း-၁၆)

### mitv

- 07:01 Evergreen Classic: Parami Taw (Hnin Hnin Htoo)
- 07:08 Geographic Center of Myanmar
- 07:33 Myanmar and Korea Art Installation Trip
- 08:26 National Attractions Thailand (The World Heritage of Joy, Sukhothai)
- 08:30 Irrawaddy Dolphin (Part-2)
- 08:43 Handmade Artisan Ye`Linn Oo
- 09:01 A Trip to Gyobyu Reservoir
- 09:29 Dances of Myanmar: Rvwang Azulam Dance
- 10:38 Daytamotbarat Sasana Land

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၀ တိုင်းရင်းသားတေးသီချင်း၊ အက(ချင်း)
- ၀၆:၄၅ မြန်မာသံစဉ်တေးများ
- ၀၇:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'တောက်ပသော နေ့ရက်များဆီသို့' (အပိုင်း-၉)
- ၀၈:၀၀ စတီရီယိုတေးများ
- ၀၈:၂၀ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၀၈:၄၅ ဇာတ်တော်ကြီး 'ဥဂ္ဂသေနဇာတ်တော်ကြီး' (ပထမပိုင်း)
- ၀၉:၅၀ နိုင်ငံခြားသံစဉ်တေးများ
- ၁၀:၀၀ ကာတွန်း 'တိရစ္ဆာန်မြို့တော်၏ဇာတ်လမ်း' (အပိုင်း-၂၅)
- ၁၀:၃၀ ဇာတ်တော်ကြီး 'ဥဂ္ဂသေနဇာတ်တော်ကြီး' (ဒုတိယပိုင်း)

### MRTV NRC

ကယား (၀၆:၀၀ မှ ၀၈:၀၀)
ဒဏ္ဍာရီဆန်တဲ့ကြက်ဝူဆီသို့

ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)
တစ်နိုင်တစ်ပိုင် ကျူပျာရက်လုပ်ငန်း

အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)
ကရင်စာပေစကားပြောကြရအောင်(အပိုင်း-၅)

အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)
ကရင်ရိုးရာအထည်ဆိုင်မှ နန်းအဲခလိန်းအင်တာဗျူး

ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)
ကြက်သားတုံးကြော်

ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)
မဒါးအိမ်နူးသို့အလည်တစ်ခေါက်

မွန် (၁၃:၀၀ မှ ၁၅:၀၀)
ရာမညမြေမှအမွေအနှစ်များ

ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)
ပုစွန်တက်ဟင်းနဲ့ဟင်းခပေါင်းသီးကြော်

ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၉)

ဝ (၁၉:၀၀ မှ ၂၁:၀၀)
ချင်းနှင့်ကျန်းမာရေး

ကချင် (၂၁:၀၀ မှ ၂၃:၀၀)
အလှမှာယဉ် ဆေးပက်ဝင်တဲ့ တရုတ်စံကားပွင့်

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၀:၄၅ Festivals Around The World

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ထိုင်းနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တောင်းပန်ပါတယ်'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဗီယက်နမ်နိုင်ငံ'
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'အာဖရိကနိုင်ငံ' (အပိုင်း-၂)
- ၁ :၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၅၂)

### MRTV FARMERS' HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ နိုင်ငံတကာနည်းပညာတို့လယ်တောမှာ ကျင့်သုံးပါ 'သဘာဝမြေဩဇာပြုလုပ်ပုံ'
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၀:၂၀ Livestock on the Land
- ၁၉:၁၅ Cork Rooftop Farm
- ၂၀:၀၀ သူ့ကိုမှ(ဇာတ်လမ်း)
- ၂၂:၀၀ Way Back Home(နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၅ Sports Diary (Euro memories from history)
- ၀၇:၄၀ Weekly MNL Review
- ၁၇:၀၀ အားကစားသတင်း
- ၂၂:၀၀ Earthquake Football Rerun (Bago Donation Football Match)

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကျုံပျော်မြို့နယ်၌ သစ်စိမ်းမြေဩဇာမျိုးစေ့ပေးအပ်ခြင်းနှင့် စုပေါင်းကြဲပက်ပွဲသို့ တက်ရောက်



ကျုံပျော် မေ ၆

ဧရာဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ကျုံပျော်မြို့နယ် ထိန်ငူကြီးကျေးရွာ တောင်သူဦးအုန်းမြင့်၏ လယ်မြေသုံးဧကတွင် ကျင်းပသည့် စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ခုနှစ် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ခြင်းနှင့် စုပေါင်းကြဲပက်ပွဲ အခမ်းအနားသို့ ယနေ့မွန်းလွဲပိုင်းက တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများက တက်ရောက်လာကြသော ရပ်/ကျေးအုပ်ချုပ်ရေးမှူးနှင့် တောင်သူများထံသို့ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့များ ပေးအပ်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးဦးဇော်ဝမ်းတိုင်း၊ ခရိုင်နှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များက တောင်သူများနှင့်အတူ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့များ စုပေါင်းကြဲပက်ခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တောင်သူများအား မိုးစပါး ပန်းတိုင်အထွက်နှုန်း ရရှိစေရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ အချိုးကျ ထည့်သွင်း ဆောင်ရွက်နိုင်ရေး၊ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်း စိုက်ပျိုးခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများနှင့် တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို မေးမြန်းဆွေးနွေးပြီး တောင်သူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၂၈ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး တရုတ်နိုင်ငံသား ၁၄ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် မေ ၆

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ် (KK Park)၊ မဲ့ထော်သလေးနှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်(တိုင်ပေ)နိုင်ငံသား ၅၅ ဦး၊ အီသီယိုးပီးယားနိုင်ငံသား ၄၁ ဦး၊ သီရိလင်္ကာနိုင်ငံသား ၁၅ ဦး၊ နီပေါနိုင်ငံသား ၁၂ ဦးနှင့် ဆီရာလီယွန်နိုင်ငံသား ၄ဦး စုစုပေါင်း ၁၂၈ ဦးတို့အား ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့်သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၄ ဦးကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။



အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံရုံးမှ Ambassador Ms. E.A.S Wijayanthi Edirisinghe နှင့် တာဝန်ရှိသူများ၊ တရုတ်နိုင်ငံဆိုင်ရာ ဆီရာလီယွန်သမ္မတနိုင်ငံ သံရုံးမှ Deputy Ambassador Mr. Saffa-Woya Rogers နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံရုံးမှ First Secretary Mr. Kumar Bikram Regmi နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အီသီယိုးပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတ နိုင်ငံသံရုံးမှ Second Secretary Mr. Wendwosen Melkamu နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံအခြေစိုက် Taipei Economic & Cultural Office in Thailand မှ Deputy Director Mr. Asad Cheng နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့ ရွှေကုက္ကိုလ် (KK Park)နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှ တစ်ဆင့် ဝင်ရောက်နေကြသည့် တရုတ်နိုင်ငံသား ၁၄ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မေ ၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၅၉ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၇၇၁၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၃၄၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြု လိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများ၊ အထူးသဖြင့် မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation)တို့ဖြင့် စဉ်ဆက်မပြတ် တက်ကြွစွာ ဖော်ထုတ်အရေးယူ ဆောင်ရွက်လျက်ရှိသည့်အပြင် အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ ပြည်နှင် လွှဲပြောင်းပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မိုးညိုမြို့၌ ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ ကျင်းပ

မိုးညို မေ ၆

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့၌ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များနှင့် နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖုန်းလွင်က မိမိဒေသအတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအထိ ရည်မှန်းချက်တစ်ခုချင်းအပေါ် လိုအပ်သော လုပ်ငန်းအစီအစဉ်များ၊ လုပ်ငန်းအချိန်ဇယားများ စီမံချက်ရေးဆွဲကာ စနစ်တကျ ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် မိုးညိုမြို့နယ်၏ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်ပါ လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးနှင့် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစီမံကိန်းများကို မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌက တာဝန်ရှိသူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုမင်း(ပြန်/ဆက်)



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် မေ ၆

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ မိုး/ဇလ

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် မေ ၆

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ

# လူငယ်နှင့် နိုင်ငံခြားဘာသာစကားလေ့လာမှု

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

ကမ္ဘာ့နိုင်ငံအသီးသီးတွင် မိခင်ဘာသာစကားများရှိကြပါသည်။ ယနေ့လူငယ်များသည် မြန်မာဘာသာစကားအပြင် နိုင်ငံခြားဘာသာစကားများကိုလည်း လေ့လာသင်ယူနေကြသည်။ စင်စစ်နိုင်ငံခြားဘာသာစကားဟူသည် သီးခြားနိုင်ငံတစ်ခု၏ တရားဝင်ဘာသာစကားမဟုတ်ချေ။ ပုံမှန်အားဖြင့် ပြောဆိုလေ့မရှိသော ဘာသာစကားတစ်ခုပင်ဖြစ်သည်။ ယနေ့လူငယ်များသည် မိမိနှစ်သက်ရာ နိုင်ငံခြားဘာသာစကားကို နိုင်ငံခြားဘာသာသင်ကြားသော တက္ကသိုလ်များတွင် ကိုယ်တိုင်တက်ရောက်သင်ကြားနိုင်သည်။ ထို့ပြင် ဘာသာစကားသင်တန်းများ တက်ခြင်းဖြင့်လည်း လေ့လာသင်ယူနိုင်သည်။ တစ်နည်းအားဖြင့် နိုင်ငံခြားဘာသာစကားကို ဒုတိယဘာသာစကားအဖြစ် သင်ယူနိုင်သည်။

> ❛ လူငယ်များသည် မိခင်မြန်မာဘာသာစကားကို စနစ်တကျ ပြောဆို၊ ရေးသားခြင်းများ တတ်ကျွမ်းပြီးပါက မိမိတို့ ဘဝရည်မှန်းချက်အတွက် မိမိနှစ်သက်ရာ နိုင်ငံခြားဘာသာစကား (ဥပမာ- အင်္ဂလိပ်စာ၊ ရုရှား၊ တရုတ်) တို့ကို လေ့လာသင်ယူနိုင်သည်။ ဤတွင် နိုင်ငံခြားဘာသာစကားသင်ယူသူများသည် စိတ်ပိုင်းဆိုင်ရာ ပြောင်းလွယ်ပြင်လွယ်ဖြစ်မှု၊ တီထွင်ဖန်တီးနိုင်မှု၊ ပြဿနာဖြေရှင်းနိုင်မှု၊ စိတ်ကူးပုံဖော်မှုနှင့် ကျိုးကြောင်းဆင်ခြင်မှု စသည့် နယ်ပယ်များတွင် ပိုမိုကြီးမားသော သိမြင်နိုင်စွမ်းကို ရရှိလာနိုင် ❜

လူငယ်များသည် မိခင်မြန်မာဘာသာစကားကို စနစ်တကျ ပြောဆို၊ ရေးသားခြင်းများ တတ်ကျွမ်းပြီးပါက မိမိတို့ ဘဝရည်မှန်းချက်အတွက် မိမိနှစ်သက်ရာ နိုင်ငံခြားဘာသာစကား (ဥပမာ- အင်္ဂလိပ်စာ၊ ရုရှား၊ တရုတ်) တို့ကို လေ့လာသင်ယူနိုင်သည်။ ဤတွင် နိုင်ငံခြားဘာသာစကား သင်ယူသူများသည် စိတ်ပိုင်းဆိုင်ရာ ပြောင်းလွယ်ပြင်လွယ်ဖြစ်မှု၊ တီထွင်ဖန်တီးနိုင်မှု၊ ပြဿနာဖြေရှင်းနိုင်မှု၊ စိတ်ကူးပုံဖော်မှုနှင့် ကျိုးကြောင်းဆင်ခြင်မှု စသည့် နယ်ပယ်များတွင် ပိုမိုကြီးမားသော သိမြင်နိုင်စွမ်းကို ရရှိလာနိုင်သည်။ ယင်းကျွမ်းကျင်မှုများသည် လူငယ်တို့၏ ပရော်ဖက်ရှင်နယ်နှင့် ကိုယ်ရေးကိုယ်တာဘဝများတွင် များစွာအကျိုးရှိပေသည်။

ဘာသာစကားတစ်ခုကို လေ့လာသင်ယူရာတွင် အပြောစွမ်းရည်၊ နားထောင်မှုစွမ်းရည်၊ ဖတ်ရှုခြင်းစွမ်းရည်နှင့် ရေးသားမှုစွမ်းရည်တို့ကို တတ်ကျွမ်းရန်လိုအပ်သည်။ သင်ယူခြင်းဖြင့်လည်းကောင်း၊ လေ့ကျင့်ခြင်းဖြင့်လည်းကောင်း၊ ယင်းကျွမ်းကျင်မှုများကို နည်းဗျူဟာများ၊ နည်းလမ်းများနှင့် စနစ်တကျလေ့လာရန် လိုအပ်သည်။ လေ့လာမှုအဆင့် တစ်ဆင့်ပြီးတစ်ဆင့် သင်ယူမှုတာဝန်များပြီးမြောက်မှသာ နိုင်ငံခြားဘာသာစကားတစ်ခုကို ကျွမ်းကျင်တတ်မြောက်လာမည်ဖြစ်သည်။ ဘာသာစကားကျွမ်းကျင်မှုသည် လူတို့အား အခြားသူများနှင့် ချိတ်ဆက် ဆက်ဆံရာတွင် ပိုမိုနက်ရှိုင်းသောအဆင့်ကိုရရှိစေသည်။ ပိုမိုနားလည်မှုရှိလာစေပြီး သည်းခံနိုင်မှုကိုလည်း မြှင့်တင်ပေးသည်။ ဘာသာစကား၏ အဓိကရည်ရွယ်ချက်မှာ လူတစ်ဦးမှ အခြားတစ်ဦးသို့ သတင်းအချက်အလက်များ ပေးပို့ခြင်းသဘောအရ ဆက်သွယ်မှုလွယ်ကူစေရန် ဖြစ်သည်။

ဘာသာစကားဟူသည် လူတို့၏ ခံစားချက်များနှင့် အတွေးအမြင်များကို ဖော်ပြရာတွင် ကူညီပေးသည်။ ဘာသာစကားသည် လူသားအချင်းချင်း ဆက်ဆံရေးတွင် ထူးခြားသော စိတ်ကူးစိတ်သန်းများနှင့် ဓလေ့ထုံးတမ်းများအတွင်း မတူညီသော ထူးခြားသည့်အယူအဆများကို ဖော်ပြသည့် နည်းလမ်းတစ်ခုဖြစ်သည်။ ဘာသာစကားသာမရှိလျှင် ဘာသာရပ်တစ်ခုကို နားလည်ရန် အဓိပ္ပာယ်ဖော်နိုင်မည်မဟုတ်ချေ။ ပညာရေးဆိုင်ရာ လေ့လာမှုနယ်ပယ်တွင် အင်္ဂလိပ်ဘာသာစကားသည် နိုင်ငံတကာသုံးဘာသာစကားအဖြစ် ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် အသုံးပြုနေသည်ကို တွေ့ရသည်။ အမေရိကန်ရှိ အဆင့်မြင့်ပညာရေးအဖွဲ့အစည်းများတွင် အတွေ့ရအများဆုံး နိုင်ငံခြားဘာသာစကားများတွင် စပိန်၊ ပြင်သစ်၊ အီတလီ၊ ဂျာမန်၊ အာရဗီ၊ ဂျပန်၊ တရုတ်နှင့် ရုရှားဘာသာစကားများ ပါဝင်သည်။

ကမ္ဘာတစ်ဝန်းတွင် မတူညီသော ဘာသာစကားပေါင်း ၇၀၀၀ အထိ ပြောဆိုနေကြသည်ဟု ခန့်မှန်းထားကြသည်။ ယခုအခါ ဘာသာစကားအားလုံး၏ ၄၄ ရာခိုင်နှုန်းသည် ပျောက်ကွယ်လုနီးပါးဖြစ်နေပြီး များသောအားဖြင့် အသုံးပြုသူ ၁၀၀၀ အောက်သာကျန်ရှိသည်ဟု အင်တာနက်တွင် ဖတ်ရှုခဲ့ရသည်။ စင်စစ် နိုင်ငံခြားဘာသာစကားများသည် လူတစ်ဦး၏ အမြင်ကို ချဲ့ထွင်ပေးသည်။ လူတစ်ဦး၏ အတွေ့အကြုံများကို ပွင့်လင်းမြင်သာစွာ တင်ပြနိုင်သည်။ လူတစ်ဦးနှင့်တစ်ဦး ပိုမိုလိုက်လျောညီထွေရှိစေပြီး သည်းခံနိုင်စွမ်းရှိလာစေသည်။ နိုင်ငံခြားဘာသာစကားများသည် လူတစ်ဦး၏ ကမ္ဘာ့အမြင်ကို ချဲ့ထွင်နိုင်သည်။ ထို့ပြင် နိုင်ငံခြားဘာသာစကားလေ့လာခြင်းက သင့်ခရီးသွားအတွေ့အကြုံကို အပြည့်အဝ အခွင့်အရေးပေးသည်။

နိုင်ငံခြားဘာသာစကားများကို လေ့လာသင်ယူရာတွင် မတူကွဲပြားသောလူမျိုးနှင့် ကွဲပြားခြားနားသော ယဉ်ကျေးမှုများကို နက်ရှိုင်းစွာ နားလည်သဘောပေါက်လာမည်ဖြစ်သည်။ နိုင်ငံခြားဘာသာစကားကို တတ်ကျွမ်းခြင်းဖြင့် လူငယ်တို့၏ အသက်မွေးဝမ်းကျောင်းကို တိုးတက်လာစေမည်ဖြစ်သည်။ လူအများနှင့် ပိုမိုနက်ရှိုင်းသော ချိတ်ဆက်မှုများကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ဆုံးဖြတ်ချက်ချရာတွင် မှန်ကန်ထက်မြက်မှုရှိလာမည်ဖြစ်သည်။ ဦးနှောက်တွင် အသိပညာပိုမိုကြွယ်ဝလာပြီး ချင့်ချိန်စဉ်းစားတတ်လာမည်။ အခြားသူများ၏ ယဉ်ကျေးမှုများကို တန်ဖိုးထားတတ်လာမည်။ ကမ္ဘာကြီးကို ပိုမိုပြည့်စုံနားလည်စွာ ကြည့်မြင်တတ်လာမည်။ မိမိ၏ယုံကြည်မှုကို မြှင့်တင်ရုံမျှမက မိမိ၏အမြင်ကို ချဲ့ထွင်နိုင်မည်ဖြစ်သည်။

နိုင်ငံခြားဘာသာစကားသင်ယူရန် အကောင်းဆုံး နည်းလမ်းများကိုဖော်ပြရာတွင် နားထောင်ခြင်း (Listening)၊ ဖတ်ရှုခြင်း(Reading)၊ ပြောဆိုခြင်း (Speaking) နှင့် ရေးသားခြင်း(Writing) ဟူသော ကျွမ်းကျင်မှုလေးမျိုး(4 Skills)ကို လေ့လာဆည်းပူးကြရပါသည်။ ဤတွင် နားထောင်ခြင်းနှင့် ဖတ်ရှုခြင်းကိုတွဲ၍ လေ့လာပါဟုဆိုကြသည်။ ဥပမာ စာတန်းထိုးပါသော အင်္ဂလိပ်၊ ကိုရီးယား ရုပ်ရှင်ကားများကြည့်လျှင် နားထောင်ခြင်းနှင့် ဖတ်ရှုခြင်းကိုပြုလုပ်နိုင်သည်။ ဖတ်ရှုရာတွင် ဝေါဟာရအသစ်များ၊ စကားစုများ(Phrases) နှင့် သဒ္ဒါပုံစံများကို သိရှိလေ့လာနိုင်မည်ဖြစ်သည်။ ပြောဆိုခြင်းနှင့် ရေးသားခြင်းကိုလည်း ပူးတွဲလေ့လာနိုင်သည်ဟု ဆိုကြသည်။ စိတ်ရှည်သည်းခံသော မိခင်ဘာသာစကားပါတနာ (Native Language Partner) နှင့် စကားပြောဆိုခြင်း၊ အရေးအသားလေ့လာခြင်းဖြင့် တိုးတက်မှုရှိလာမည်ဖြစ်သည်။ အသံထွက်ပြောဆိုမှု မှန်ကန်စွာလေ့လာနိုင်မည်ဖြစ်သည်။ အကောင်းဆုံးနည်းလမ်းမှာ လေ့လာသင်ယူမှုနှင့် လေ့ကျင့်မှုကို ပေါင်းစပ်လေ့လာသွားရန်ဖြစ်သည်။

လူငယ်များအနေဖြင့် သတိမူသင့်သောအချက်မှာ နိုင်ငံခြားဘာသာစကားများသည် အသက်မွေးဝမ်းကျောင်းရွေးချယ်မှုများတွင် အပြိုင်အဆိုင်စွမ်းရည်ကို ပေးစွမ်းသည်။ ဥပမာ- လူငယ်တစ်ဦးသည် နိုင်ငံခြားကုမ္ပဏီတစ်ခုတွင် အလုပ်အင်တာဗျူးဝင်ရပါက အင်္ဂလိပ်ဘာသာစကားကို အခြားသူများထက် ပိုင်နိုင်ကျွမ်းကျင်စွာ ပြောဆိုတတ်ပါက အလုပ်ရရှိရန် အခွင့်အလမ်းပိုမိုများပေမည်။ ထို့ပြင် နိုင်ငံခြားဘာသာစကားလေ့လာခြင်းသည် နားထောင်ခြင်းစွမ်းရည်နှင့် မှတ်ဉာဏ်ကို တိုးတက်စေသည်။ လူငယ်များသည် အခြားဘာသာစကားကို သိရှိနားလည်ပါက ယဉ်ကျေးမှုပေါင်းစုံသော ကမ္ဘာတွင် ပိုမိုထိရောက်ပြီး တာဝန်သိစွာ ပါဝင်နိုင်မည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် အင်္ဂလိပ်ဘာသာစကားပြီးလျှင် မန်ဒရင်း(Mandarin) တရုတ်ဘာသာစကားသည် အကျယ်ပြန့်ဆုံး ဘာသာစကားဖြစ်လာပြီး မန်ဒရင်းတရုတ်စကားပြောဆိုသူ တစ်ဘီလီယံခန့်ရှိသည်။ တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားတွင်လည်း ကိုရီးယားဘာသာစကားကို ပြောဆိုကြသည်။ ကိုရီးယားဘာသာစကားကို လူ ၇၅ သန်းဝန်းကျင်က ပြောဆိုနေကြသည်။ အခြားနိုင်ငံခြား ဘာသာစကားများဖြစ်ကြသော ဂျပန်၊ ဂျာမန်၊ ပြင်သစ်၊ အီတလီ၊ ပေါ်တူဂီနှင့် ရုရှားဘာသာစကားတို့ကို လေ့လာနေကြသည်။

ဟားဗတ်နှင့် MIT မှ သုတေသီများပြုလုပ်သော ဘာသာစကားသင်ယူမှုနှင့် အသက်အရွယ်ဆိုင်ရာ အဓိကလေ့လာမှုတစ်ရပ်က အသက်(၁၀)နှစ်မတိုင်မီ ဘာသာစကားအသစ်တစ်ခုကို စတင်လေ့လာခြင်းသည် အထောက်အကူဖြစ်စေသည်ဟု ကောက်ချက်ချခဲ့သည်။

စင်စစ်ဘာသာစကားဟူသည် ယဉ်ကျေးမှုကို ထုတ်ဖော်ပြောဆိုခြင်း၏ ပင်ကိုဖြစ်သည်။ ဘာသာစကားသည် တန်ဖိုးများ၊ ယုံကြည်မှုများ၊ ဓလေ့ထုံးတမ်းများကို ဆက်သွယ်ခြင်းနည်းလမ်းတစ်ခုပင်ဖြစ်သည်။ ထို့ကြောင့် ဘာသာစကားသည် လူမှုရေးအတွက် အရေးကြီးသောလုပ်ငန်းဆောင်တာဖြစ်ပြီး ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းကို မျှဝေထားသောတန်ဖိုးများအား သယ်ဆောင်ထိန်းသိမ်းနိုင်စေမည့် နည်းလမ်းဖြစ်သည်။ လူငယ်များအနေဖြင့် မိခင်ဘာသာစကားဖြစ်သော မြန်မာစာပေ၏ အခန်းကဏ္ဍကို သိရှိနားလည်ရုံမျှမက နိုင်ငံခြားဘာသာစကားများ၏ အရေးပါမှု၊ အသုံးဝင်မှုနှင့် အကျိုးရှိမှုများကို နားလည်ပြီး မိမိစိတ်ဝင်စားရာ နိုင်ငံခြားဘာသာစကားကို ပိုင်နိုင်ကျွမ်းကျင်အောင် လေ့လာခြင်းဖြင့် မိမိအတွက်သာမက နိုင်ငံအတွက်ပါ အကျိုးပြုနိုင်ရန် တင်ပြလိုက်ပါသည်။ ။

## ရယ်စရာ ပြုံးစရာ နိုင်ငံတကာဟာသများ

မာတင်ဖဲ



# ၂၀၂၅ ခုနှစ် ဧပြီလအတွင်း (၁၆-၄-၂၀၂၅ ရက်နေ့မှ ၃၀-၄-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz-Scanner Air Quality Monitoring Station (AQM-65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10($PM_{10}$)၊ Sulphur Dioxide($SO_2$) ၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုဒ် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုဒ် |
| ၁ | | နေပြည်တော် | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| ၂ | | ရန်ကုန်တိုင်းဒေသကြီး | | | | | | |
| | ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | – | ကောင်းမွန် |
| | ၂ | International Business Center (IBC)၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | လက်ခံနိုင်သော |
| | ၄ | သန်လျင်မြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | | မန္တလေးတိုင်းဒေသကြီး | | | | | | |
| | ၁ | အမရပူရမြို့နယ် | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် | လက်ခံနိုင်သော | ကောင်းမွန် | | | |
| | ၂ | အောင်မြေသာစံမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ပုသိမ်ကြီးမြို့နယ် | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် | လက်ခံနိုင်သော | ကောင်းမွန် | | | |
| | ၄ | ညောင်ဦးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၆ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၇ | မိတ္ထီလာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၄ | | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| ၅ | | တနင်္သာရီတိုင်းဒေသကြီး | | | | | | |
| | ၁ | ထားဝယ်မြို့ | – | ကောင်းမွန် | | | – | ကောင်းမွန် |
| ၆ | | ပဲခူးတိုင်းဒေသကြီး | | | | | | |
| | ၁ | ပဲခူးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၇ | | မကွေးတိုင်းဒေသကြီး | | | | | | |
| | ၁ | သရက်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| ၈ | | ဧရာဝတီတိုင်းဒေသကြီး | | | | | | |
| | ၁ | ပုသိမ်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၉ | | ကချင်ပြည်နယ် | | | | | | |
| | ၁ | မြစ်ကြီးနားမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၀ | | ကရင်ပြည်နယ် | | | | | | |
| | ၁ | ဘားအံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၁ | | မွန်ပြည်နယ် | | | | | | |
| | ၁ | မော်လမြိုင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | ချောင်းဆုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | သထုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၂ | | ရှမ်းပြည်နယ် | | | | | | |
| | ၁ | တောင်ကြီးမြို့ | – | – | ကောင်းမွန် | | – | – |
| | ၂ | ကျိုင်းတုံမြို့ | ခံနိုင်ရည်နည်းပါးသူများသာ ထိခိုက်နိုင် | – | – | – | – | – |
| | ၃ | တာချီလိတ်မြို့ | ခံနိုင်ရည်နည်းပါးသူများသာ ထိခိုက်နိုင် | – | – | – | – | – |
| | ၄ | မိုင်းဆတ်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)**

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာအနီး ဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

# လျှင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ ပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay, OK$, Wave Money တို့၏ QR code များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ဗဟိုဘဏ်မှ ခွင့်ပြုထားသော မိမိနှစ်သက်ရာ မည်သည့် Digital Wallet သို့မဟုတ် ဘဏ် Mobile Application မှမဆို KBZ Pay MMQR နှင့် CB Pay MMQR၊ OK$ MMQR များကို Scan ဖတ်၍ လှူဒါန်းနိုင်ပါသည်။

၃။ ဘဏ်များမှ လှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှ တစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေ စာရင်းများမှ စာရင်းပြောင်း(Account transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ် (EDN-600018) သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

( ခ ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်၊

( ဂ ) ပြည်တွင်း/ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် -

- **SWIFT CODE** **-MYEBMMMY**
- **Beneficiary Name** **-Natural Disaster Management Fund**
- **Beneficiary A/C No** **-EDN-600018** သို့ လှူဒါန်းနိုင်ပါသည်။

၅။ အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည် -

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
